Inya Economics

# Economic Readings in Burmese Language

EEP

ERBL. Volume (1). Issue (2). February 2025
ဘောဂဗေဒဖတ်စာ (ဗမာဘာသာ)၊ အတွဲ (၁) ၊ စာစဉ် (၂) ဖေဖော်ဝါရီ၊ ၂၀၂၅

## မာတိကာ စာမျက်နှာ


၁။ ဥယျောဇဉ် ..... ၁

၂။ ဖွံ့ဖြိုးမှု ဘောဂဗေဒပညာ ရေစီးကြောင်းသစ်၊ ထိရောက်တဲ့ ဖွံ့ဖြိုးရေးပရိုဂရမ်များဖြင့် ဆင်းရဲမှုကို တိတိကျကျ လျှော့ချရေးအတွက် ပညာရှင်များ၏ကြိုးပမ်းမှု (ကိုညာဏ) ..... ၃

၃။ အမျိုးသမီး လုပ်သားဈေးကွက်ကို သမိုင်းကြောင်းချီလေ့လာသူ ဘောဂဗေဒပညာရှင် ကလောက်ဒီယာဂေါ်ဒင် (ကိုညာဏ) ..... ၁၃

၄။ ဘောဂဗေဒ တော်လှန်ရေးတစ်ရပ် ပေါ်ထွက်လာခြင်း (မောင်လူအေး) ..... ၂၄


ဤစာစဉ်တွင် ဖော်ပြသည့် ပညာရပ်ဆိုင်ရာအမြင်နှင့် သုံးသပ်ချက်များသည် စာရေးသူ၊ ဘာသာပြန်သူများ၏ ကိုယ်ပိုင်အမြင်သာ ဖြစ်ပြီး အင်းလျားဘောဂဗေဒအဖွဲ့အစည်း၏ အမြင်ကို ကိုယ်စားမပြုပါ။ ဤစာစဉ်တွင် ပါရှိသည့် ဆောင်းပါးများသည် ပညာရေးနှင့် ဝေဖန်ဆန်းစစ်ရေးအတွက်သာ ရည်ရွယ်ပါသည်။

Copyright © 2025. Economic Education Program, Inya Economics

# ဥယျာဇဉ်

ဘောဂဗေဒစာစဉ် အတွဲ ၁ အမှတ် ၂ ကို ထုတ်ဝေလိုက်ပြန်ပါပြီ။

ယခုစာစဉ်တွင် ဆောင်းပါး သုံးပုဒ် ပါဝင်ပါသည်။ ဆောင်းပါး သုံးပုဒ်လုံး ဘာသာပြန်ဆောင်းပါးများ ဖြစ်ပါသည်။ အခြားစာပေပုံစံများ ရေးသားနိုင်ရန် ကြိုးစားပါဦးမည်။

ကိုညဏက ဘာသာပြန်ဆိုသော ဆောင်းပါးနှစ်ပုဒ်အနက် ပထမအပုဒ်မှာ ဖွံ့ဖြိုးမှုဘောဂဗေဒ၏ ခေတ်သစ်ရေစီးကြောင်း အတွေးအခေါ်နှင့် ပညာရပ်လက်ရာများအကြောင်း တစေ့တစောင်း လေ့လာနိုင်ပါသည်။ ဆင်းရဲမှုသည် ရှားပါးမှု ဖြစ်ပြီး ထိုရှားပါးမှုကြောင့် ဆင်းရဲသားများ၏ စဉ်းစားတွေးခေါ်နိုင်စွမ်း လျော့ကျသွားရသည် ဆိုသည်မှာ ခေတ်ပြိုင်တွေ့ရှိချက်တစ်ခု ဖြစ်ပြီး ထိုအကြောင်းအရာကို သင်ယူရတိုင်း သင်ပေးသူ ပါမောက္ခရော သင်ယူသူ ကျောင်းသားတို့ရော ကြေကွဲရသည့် အကြောင်းအရာ ဖြစ်ပါသည်။ နောက်တစ်ချက် ကျွန်တော် မီးမောင်းထိုးပြချင်သည်မှာ ပညာရှင်များ လူထုအနီးသို့ ဆင်းလာသည့် အချက် ဖြစ်ပါသည်။ ပညာရပ်ဆိုင်ရာ အခြေအနေအရပ်ရပ်အရ အမြဲတစေ လက်တွေ့ကွင်းဆင်းဖို့ ပညာရပ်အပေါ် မူတည်ကာ လိုအပ်၏ မလိုအပ်၏ ရှိနိုင်ပါသည်။ သို့သော် ဘောဂဗေဒပညာ၏ လက်တွေ့ကျမှုနှင့် အပိုစာသားမပါ အလုပ်သဘောဆောင်သည့် စေတနာကို ထင်ဟပ်နေသည်ဟု ကျွန်တော့်အမြင်ကို အရဲစွန့် တင်ပြချင်ပါသည်။

ကိုညဏ ဘာသာပြန်ဆိုသည့် ဒုတိယအပုဒ်မှာ ဘောဂဗေဒသမိုင်းနည်းနာများ၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြသည်ဟု ထင်ပါသည်။ မဆီမဆိုင် မှတ်ချက်ပေးသည်ဟု အပြစ်တင်လျှင်လည်း ခံရပါမည်။ ထိုဆောင်းပါးဖတ်ပြီးသော် ကျွန်တော် အမေ့ကို သတိရပါသည်။ အမေသည် စာသင်ခြင်းကို မြတ်နိုးသည့် မူလတန်းဆရာမ ဖြစ်ပါသည်။ သူ့လစာနှင့် အတန်းထဲက နွမ်းပါးသည့် ကလေးငယ်တွေအတွက် စာသင်ယူရန် လိုအပ်သည်များ ဝယ်ပေးပါသည်။ အမေ မချမ်းသာပါ။ ထိုစဉ်က အမေနှင့် အဖေတွင် နေစရာ ကိုယ်ပိုင်အိမ်ပင် မရှိပါ။ သူများအိမ် လပေးငှါးနေရပါသည်။ အမေရော အဖေရော နှစ်ယောက်စလုံး ကျောင်းဆရာအလုပ် လုပ်ကြပါသည်။ အမေက ကျွန်တော့်အစ်မကို မွေးဖွားပြီးသည်အထိ အလုပ်မထွက်ပါ။ လူတွေက ဝေဖန်ကြပါသည်။ ကျွန်တော်တို့ သာကေတတွင် နေထိုင်ရပြီး အမေ့စာသင်ကျောင်းက ကော့မှူးမြို့နယ်တွင် ဖြစ်ပါသည်။ နောက်တော့ ကျွန်တော် အစ်မ တီဘီရောဂါ ကူးစက်ခံရပါသည်။ အိမ်တွင် လူခွဲ မရှိ၍ တီဘီရောဂါအရှင်းပျောက်ရေး အစ်မကို ဆေးမှန်မှန် တိုက်နိုင်ရန် အမေ ကျောင်းမှ အလုပ်ထွက်လိုက်ရပါသည်။ နောက်တော့ ကျွန်တော် မွေးဖွားလာပါသည်။ ကျွန်တော့်ကို စာသင်ပေးရုံတင်မဟုတ် အမေက ကျွန်တော့်သူငယ်ချင်းတွေကိုပါ စာသင်ပေးပါသည်။ ကျွန်တော်

Copyright © 2025. Economic Education Program, Inya Economics.

ငယ်ငယ်က နားမလည်ခဲ့ပါ။ အမေသည် သူ့အလုပ်ကို စွန့်လွှတ်လိုက်ရခြင်းအတွက် အခုအထိ ဝမ်းနည်းနေပါသေးသည်။ ဂေါ်ဒင် ရေးထားသည်များထဲက မိခင်များက သူတို့သားသမီးများ အရွယ်ရောက်သော် အလုပ်ခွင်ပြန်ဝင်လာကြပါသည်။ ဗမာပြည်တွင်တော့ ဒီလိုအခွင့်အလမ်းမျိုး မရှိပါ။ အမေသည် ဆရာမဘဝ အတွေ့အကြုံများ ပြန်ပြောရင်း အမေ့မျက်လုံးများကို ကျွန်တော် ငယ်စဉ်က ကောင်းကောင်းနားမလည်ပါ။ အခုတော့ နည်းနည်း နားလည်လာပါသည်။ လိုရင်းပြန်ကောက်ရသော် ဘောဂဗေဒသမိုင်းကို စံချိန်မီ မည်သို့ ပေါင်းစပ်နိုင်သည်ကို ဂေါ်ဒင်က ပြသသွားခဲ့ပါသည်။ ဘောဂဗေဒသမိုင်းက နိုင်ငံတော်စာရင်းဇယားများတွင် ပါဝင်ခွင့်မရသည့် အကြောင်းအရာများကို ဖော်ထုတ်ပေးပါသည်။ ကျွန်တော််အတွက်တော့ ဘောဂဗေဒသမိုင်းဆိုသည်မှာ သာမန်ပြည်သူများ၏ အသက်ရှင်ရေးအတွက် ရုန်းကန်ရသည့်သမိုင်း ဖြစ်ပါသည်။

နောက်ဆုံးအပုဒ်မှာ မောင်လူအေး၏ အခန်းဆက်ဘာသာပြန် ဖြစ်ပါသည်။ မူရင်းစာအုပ်ကို ဖတ်ရှုပြီး ဘောဂဗေဒပညာသင်ယူကြသူများ မနည်းမနော ဖြစ်ပါသည်။ မူရင်းစာရေးသူက "ကျွန်တော့်စာအုပ်ဖတ်ပြီး ဒုက္ခသည်အများအပြား ရောက်ရှိလာကြပါသည်" ဟု စာအုပ်အမှာစာတွင် အရွှန်းဖောက် ရေးသားဖူးပါသည်။ ဘောဂဗေဒပညာကို အမှန်တကယ်စံချိန်မီ လေ့လာတက်မြောက်ရန်မှာ အတော်ကြိုးစားအားထုတ်ရပါသည်။ တက္ကသိုလ်တိုင်းတွင် ဘောဂဗေဒဌာနတိုင်းသည် တင်းကြပ်သော ဌာနများအဖြစ် နာမည်ကြီးပါသည်။ ကျွန်တော် ထင်ပါသည်။ မောင်လူအေးသည်လည်း ဒုက္ခသည်ပင် ဖြစ်ပြီး ဒုက္ခသည်အသစ်များကိုလည်း ကြိုးကြိုးစားစား စာပေဘာသာပြန်ဆိုပြီး ဖိတ်ခေါ်နေပါသည်။ ဆရာလှမြင့်၊ ဆရာဂျော်နယ်ဖင်လေ၊ ဆရာထွန်းဝေ အစရှိသည်ဖြင့် ရှေးလို တန်ဖိုးရှိသော ဘောဂဗေဒပညာရှင်များ ပေါ်ထွက်ခဲ့ဖူးသည့် အစဉ်အလာ ကျွန်တော်တို့တွင် ခိုင်မာစွာတည်ရှိခဲ့ပြီး ဖြစ်ပါသည်။ ဗမာပြည်၏ အခက်အခဲများကို ဖြေရှင်းရန် ရှေ့ကဲ့သို့ တန်ဖိုးကြီးသော ဘောဂဗေဒပညာရှင်များ လိုအပ်ပါသည်။ ပညာရှင်ဟူသည် စက်ရုံထုတ်ပစ္စည်းလို ထုတ်လို့ ရစကောင်းသော အရာမဟုတ်။ လူပေါင်းများစွာ၏ လုံ့လဝီရိယဖြင့် မဆုတ်မနစ်ကာလရှည် ကြိုးပမ်းအားထုတ်ခြင်း၏ အသီးအပွင့်သာ ဖြစ်ပါသည်။ မောင်လူအေး၏ ဆောင်းပါးသည်လည်းကောင်း၊ ကိုဉာဏ၏ ဆောင်းပါးများသည်လည်းကောင်း သူတို့စေတနာကောင်း ဝီရိယကောင်းတို့ကြောင့် ဤခရီးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ဖြစ်ပါစေ ။ ဘောဂဗေဒစာစဉ်သည် သာမန်ပြည်သူများ၏ ဘောဂဗေဒပညာရေးမှသည် ဘောဂဗေဒစာပေ အခိုင်အမာ ပေါ်ထွန်းရေးအထိ ဦးတည်ချင်ပါသည်။ ရင်ဘက်တူ၊ အိပ်မက်တူသူများ ဝိုင်းဝန်းကူညီကြပါကုန်.....။

သန်းထွန်း

(တာဝန်ခံ)

ဘောဂဗေဒစာစဉ် (ဗမာဘာသာ)

Copyright © 2025. Economic Education Program, Inya Economics.

# ဖွံ့ဖြိုးမှုဘောဂဗေဒပညာ ရေစီးကြောင်းသစ်

## (ထိရောက်တဲ့ ဖွံ့ဖြိုးရေးပရိုဂရမ်များဖြင့် ဆင်းရဲမှုကို တိတိကျကျ လျှော့ချရေး အတွက် ပညာရှင်များ၏ ကြိုးပမ်းမှု)

## ကိုညဏ

ခရစ်နှစ် ၂၀၁၉ ခု၊ ဘောဂဗေဒသိပ္ပံဆိုင်ရာ နိုဘယ်ဆုကို အဘီဂျစ်ဘနာဂျီး၊ အက်စ်သာဒက်ဖလိုနဲ့ မိုက်ကယ် ခရင်မာတို့က ရရှိခဲ့ပါတယ်။ တစ်ကမ္ဘာလုံးဆင်းရဲမှု လျှော့ချရေးအတွက် သူတို့ နှစ်လကြာရှည် သုတေသနတွေ အတွက် ဆုကို လက်ခံရရှိခဲ့တာပါ။ သူတို့က မြေပြင်ကွင်းဆင်းစမ်းသပ်ချက်တွေကနေတဆင့် အခြေခံလူတန်းစား နဲ့ တိုက်ရိုက်ထိတွေ့ခဲ့ပါတယ်။

ပြီးခဲ့တဲ့ နှစ် ၂၀ အတွင်း ကမ္ဘာ့ပြည်သူတွေရဲ့ လူနေမှုအဆင့်အတန်းက သိသိသာသာ တိုးတက်လာခဲ့တယ်။ စုစုပေါင်းပြည်တွင်းထုတ်ကုန်တန်ဖိုး ဆိုတဲ့ အလွယ်တကူကြည့်လေ့ရှိတဲ့ ညွှန်းကိန်းအရ အဆင်းရဲဆုံးတိုင်းပြည် တွေမှာတောင် ထုတ်လုပ်မှုတန်ဖိုး ၂ ဆကျော် မြင့်တက်ခဲ့တယ်။ ၁၉၉၅ ကနေ စတင်ရေတွက်ကြည့်ရင် ကလေး သူငယ် သေဆုံးမှုနှုန်းကလည်း ထက်ဝက်ကျဆင်းခဲ့တယ်။ ကလေးသူငယ် ကျောင်းတက်တဲ့ရာခိုင်နှုန်း ၅၆ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းအထိ တိုးတက်လာပါတယ်။

ဒီလိုတိုးတက်မှုတွေ ရှိသော်ငြား ကြီးမားတဲ့ စိန်ခေါ်မှုကြီးက ကျန်ရှိနေဆဲ ဖြစ်ပါတယ်။ သာမန်ပြည်သူပေါင်း သန်း ၇၀၀ ကျော်က နိမ့်ပါးတဲ့ ဝင်ငွေနဲ့ အသက်ရှင်ရုံတမယ် ရုန်းကန်နေထိုင်နေရပါတယ်။ နှစ်စဉ်နှစ်တိုင်း ကလေးပေါင်း ငါးသန်းက သူတို့အသက် ၅ နှစ်မတိုင်ခင် သေဆုံးနေရပါတယ်။ သူတို့လေးတွေ သေဆုံးရတဲ့ ရောဂါတွေကို ကြည့်လိုက်ရင် ကုသရတဲ့ အင်မတန် အကုန်အကျများတဲ့ ရောဂါတွေ မဟုတ်ပါဘူး။ ဈေးသက်သာပြီး ရိုးရှင်းစွာ ကာကွယ်လို့ရတဲ့ ရတဲ့ ရောဂါတွေနဲ့ သေဆုံးသွားကြတာပါ။ သူတို့မိဘတွေနဲ့ သူတို့အစိုးရတွေက ဒီအပြစ် ကင်းစင်တဲ့ကလေးတွေကို မကာကွယ်နိုင်ခဲ့ကြပါဘူး။ အရွယ်မရောက်သေးတဲ့ ကလေးတွေရဲ့ တဝက်လောက်က အခြေခံစာရေးစာဖတ်နဲ့ ဂဏန်းအတွက်အချက်တောင် မရဘဲ အလုပ်ခွင်ထဲကို အတော် စောစီးစွာ ရောက်ရှိ နေရပါတယ်။

Copyright © 2025. Economic Education Program, Inya Economics.

## တစ်ကမ္ဘာလုံး ဆင်းရဲမှု လျှော့ချရေး ချဉ်းကပ်နည်းအသစ်

တစ်ကမ္ဘာလုံး ဆင်းရဲမှုကို တိုက်ဖျက်ဖို့ အထိရောက်ဆုံးနည်းလမ်းကို ကျနော်တို့ ရှာဖွေရပါမယ်။ ၂၀၁၉ ခု နိုဘယ်ဆုရှင် ပညာရှင်သုံးဖော်က ထိရောက်တဲ့ နည်းလမ်းတစ်ခုကို ပြသခဲ့ပါတယ်။ ရောမစီမံကိန်းကြီးတွေအစား ထိရောက်၊ တိကျတဲ့ စီမံကိန်းအငယ်စားတွေကို တင်ပြခဲ့ပါတယ်။ မြေပြင်ကွင်းဆင်းတဲ့ စီမံချက်တွေကို အသုံးပြုခဲ့ပါတယ်။ ဒီစီမံချက်တွေမှာ ဆင်းရဲမှုကို နားလည်ဖို့၊ ဆင်းရဲမှု လျှော့ချရေး စီမံကိန်းတွေ ကျရှုံးနေရခြင်း အကြောင်းအရင်းတွေကို နားလည်ဖို့၊ စီမံကိန်းတွေ ထိရောက် အောင်မြင်အောင် ဘယ်လိုလုပ်ရမလဲ ဖြေရှင်းနည်းတွေကို ဖော်ထုတ်နိုင်ဖို့ အသေအချာ ဒီဇိုင်းဆင်ထားပါတယ်။ ဒီချဉ်းကပ်မှုကြောင့် ဖွံ့ဖြိုးမှု ဘောဂဗေဒပညာရပ်နယ်ပယ်က သုတေသနတွေကို ပြန်လည်ပုံဖော်နိုင်သွားခဲ့ပါတယ်။ ဒီသုတေသန ပါရာဒိုင်း အသစ်က တစ်ကမ္ဘာလုံး ဆင်းရဲမှုကို လျှော့ချဖို့ ခိုင်မာတဲ့ အသစ်တွေ့ရှိချက်တွေကို ဖော်ထုတ် ပေးပါတယ်။

ချမ်းသာတဲ့ နိုင်ငံတွေနဲ့ ဆင်းရဲတဲ့ နိုင်ငံတွေအကြား ထုတ်လုပ်နိုင်စွမ်း ကွာဟမှုကို ပညာရပ်နယ်ပယ်မှာ သတိထားမိတာ ကြာပါပြီ။ တကယ်တော့ ထုတ်လုပ်နိုင်စွမ်းက ဆင်းရဲတဲ့နိုင်ငံတွေအချင်းချင်းကြားမှာပါ ကွာဟမှု ရှိနေတာပါ။ ဒါကို အဘီဂျစ်ဘနားဂျီးနဲ့ အက်စသာဒက်ဖလို ဘောဂဗေဒပညာရှင်မောင်နှံက သတိထားမိသွား ပါတယ်။ တစ်ဦးချင်းအနေနဲ့ ဖြစ်ဖြစ်၊ စီးပွားရေးလုပ်ငန်းအနေနဲ့ ဖြစ်ဖြစ်၊ နောက်ဆုံးပေါ်နည်းပညာ သုံးမသုံး ဆိုတာအပေါ် မူတည်ပြီး ထုတ်လုပ်နိုင်စွမ်း ကွာဟနိုင်ပါတယ်။ ပျမ်းမျှထုတ်လုပ်နိုင်စွမ်း နိမ့်ကျတာက ချေးငွေ မရလို့လား။ မူဝါဒတွေက မကောင်းလို့လား။ ရာနှုန်းပြည့် ကျိုးကြောင်းနည်းလမ်းကျတဲ့ ရင်းနှီးမြှုပ်နှံမှု ဆုံးဖြတ်ချက်တွေ ချမှတ်ဖို့ သာမန်ပြည်သူ၊ ဝင်ငွေနည်းပြည်သူတွေအတွက် ခက်ခဲနေတာလား။ အထက်ပါ မေးခွန်းမျိုးတွေနဲ့ ပညာရှင်သုံးဖော်က သုတေသနချဉ်းကပ်ခဲ့ကြပါတယ်။



အက်စ်သာဒက်ဖလို၊ မိုက်ကယ် ခရင်မာ နဲ့ အဘီဂျစ်ဘနာဂျီး (Pic- Getty Images)

Copyright © 2025. Economic Education Program, Inya Economics.

**စာသင်ကျောင်း မြေပြင်ကွင်းဆင်း သုတေသနများ**

ပညာရေးပြဿနာတွေကို ဘယ်လိုကိုင်တွယ်ဖြေရှင်းကြမလဲ ဆိုတာနဲ့ ပတ်သတ်လို့ ပညာရှင်သုံးဖော်က အစောပိုင်းတွေမှာ သုတေသန ပြုခဲ့ကြပါတယ်။ ဘယ်လိုဆောင်ရွက်ချက်တွေက စရိတ်အသက်သာဆုံးနဲ့ ပညာရေးရလဒ်တွေကို ပိုကောင်းအောင် ပြောင်းလဲနိုင်တာလဲ။ ဝင်ငွေနည်း တိုင်းပြည်တွေမှာ သင်ရိုးဖတ်စာတွေက ရှားပါးပြီး ကလေးငယ်တွေက ဗိုက်ဟောင်းလောင်းနဲ့ ကျောင်းသွားနေရပါတယ်။ ဒီအခြေအနေမှာ သင်ရိုးဖတ်စာကို ပိုမိုရိုက်ထုတ်သင့်သလား။ အခမဲ့အာဟာရ တိုက်ကျွေးရေးအစီအစဉ်ကို ဖန်တီးသင့်သလား။ ဘာက စရိတ်အသက်သာဆုံးနဲ့ ပညာရေးရလဒ်ကို ပိုကောင်းလာအောင် စွမ်းဆောင်နိုင်မှာပါလဲ။ ၁၉၉၀ ဆယ်စုနှစ် အလယ်ပိုင်းလောက်မှာ ဘောဂဗေဒပညာရှင် မိုက်ကယ်ခရင်မာနဲ့ သူ့လုပ်ဖော်ကိုင်ဖက်တွေက အမေရိကန် ပြည်ထောင်စုအရှေ့မြောက်ပိုင်းကနေ ကင်ညာနိုင်ငံ ကျေးလက်ဒေသဆီသို့ အဆိုပါမေးခွန်းတွေအတွက် သုတေသနစီမံကိန်းတွေကို ရွှေ့ပြောင်းခဲ့ပါတယ်။ အစိုးရမဟုတ်တဲ့ ဒေသခံ ရပ်ရွာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး မြေပြင်ကွင်းဆင်းသုတေသန အများအပြား ဆောင်ရွက်ခဲ့ကြပါတယ်။

မြေပြင်ကွင်းဆင်းသုတေသနတွေ လုပ်ဖို့ သူတို့ဘာကြောင့် ရွေးချယ်ခဲ့ကြတာပါလဲ။ သင်ရိုးဖတ်စာများများရှိလို့ ကျောင်းသားကျောင်းသူတွေရဲ့ ပညာရေးရလဒ် ပိုကောင်းလာတယ်ဆိုရင် အဆိုပါသက်ရောက်မှုကို မတူညီတဲ့ သင်ရိုးဖတ်စာအရေအတွက်နဲ့ ကျောင်းတွေကို အလွယ်လေး နှိုင်းယှဉ်လိုက်ရုံနဲ့ သိနိုင်သလား။ အသေအချာ နားလည်နိုင်သလား။ မသိနိုင်ပါဘူး။ အသေအချာ နားမလည်နိုင်ပါဘူး။ လူချမ်းသာတွေရဲ့ သားသမီးတွေက သင်ရိုးဖတ်စာတွေ ပိုများများ ဝယ်ယူနိုင်ပြီး ပညာရေးရလဒ်တွေလည်း ပိုကောင်းနေနိုင်ပါတယ်။ လူမွဲ သားသမီးများကတော့ ဆန့်ကျင်ဘက်အခြေအနေ ရှိနိုင်ပါတယ်။ ဒီအခက်အခဲတွေကို ရှင်းထုတ်ဖို့ နည်းလမ်းကတော့ နှိုင်းယှဉ်မယ့် စာသင်ကျောင်းတွေမှာ **တူညီတဲ့ ပျမ်းမျှအရည်အသွေးသတ်မှတ်ချက်တွေ** "average same characteristics" ရှိရပါမယ်။ စာသင်ကျောင်းတွေကို ပျမ်းမျှအရည်အသွေး သတ်မှတ်ချက်အလိုက် အုပ်စုခွဲပြီး နှိုင်းယှဉ်တာကလည်း သဘာဝသိပ္ပံနဲ့ ဆေးပညာရပ်နယ်ပယ်မှာ အရင်တည်းက သုံးလေ့ရှိတဲ့ နည်းလမ်းလည်း ဖြစ်ပါတယ်။ အစဉ်အလာလက်တွေ့စမ်းသပ်မှုတွေနဲ့ မတူညီတာက နေ့စဉ်ကြုံတွေ့ နေရတဲ့ ပတ်ဝန်းကျင်မှာ တစ်ဦးချင်းအပြုအမူကို နိဘယ်ဆုရှင်တွေက မြေပြင်ကွင်းဆင်း လေ့လာခဲ့တာပါ။

ခရမ်မာနဲ့ သူ့လုပ်ဖော်ကိုင်ဖက်တွေက အထောက်အပံ့လိုအပ်နေတဲ့ ကျောင်းအမြောက်အများကို စုစည်းပြီး မတူညီတဲ့ အုပ်စုအသီးသီးအဖြစ် ကျပန်းခွဲထုတ်ခဲ့ပါတယ်။ ဒီအုပ်စုတွေထဲက ကျောင်းတွေဟာ မတူညီတဲ့ အထောက်အပံ့တွေကို မတူညီတဲ့ အချိန်အသီးသီးမှာ လက်ခံရယူခဲ့ကြတယ်။ လေ့လာမှုတစ်ခုမှာ အုပ်စုတစ်အုပ်စုက သင်ရိုးဖတ်စာအုပ်များကို ပိုမိုလက်ခံရယူခဲ့ပြီး အခြားအုပ်စုကတော့ အခမဲ့အာဟာရ တိုက်ကျွေးရေးအစီအစဉ်တွေကို လက်ခံခဲ့ပါတယ်။ အရေးကြီးတဲ့အချက်က အဆိုပါမြေပြင်ကွင်းဆင်း

Copyright © 2025. Economic Education Program, Inya Economics.

သုတေသန စီမံကိန်းစတင်ချိန်မှာ အစမ်းသပ်ခံ အုပ်စုများအကြား ပျမ်းမျှအရည်အသွေးသတ်မှတ်ချက် ကွာခြားချက် မရှိရပါဘူး။ ဒါမှသာလျှင် သုတေသီတွေက လက်ခံရရှိတဲ့ အထောက်အပံ့ အမျိုးအစားပေါ် အမှီတည် ပြောင်းလဲတာကနေ ပညာရေးရလဒ်ပြောင်းလဲတာကို ရှင်းပြနိုင်မှာ ဖြစ်ပါတယ်။ သုတေသနတွေက ဘာပြောပါသလဲ။ ပိုများတဲ့ သင်ရိုးဖတ်စာအုပ်နဲ့ အခမဲ့အာဟာရတိုက်ကျွေးရေး အစီအစဉ်တို့အကြား ပညာရေး ရလဒ်အပေါ် သက်ရောက်မှု ထူးထူးခြားခြား ကွာခြားချက် မရှိပါဘူး။ နှစ်ခုစလုံးမှာ တစ်မျိုးက ပိုသာတဲ့ ရလဒ်ကို မပေးစွမ်းနိုင်ပါဘူး။ သင်ရိုးဖတ်စာအုပ် အရေအတွက်မှာ အပေါင်းလက္ခဏာဆောင်တာ ရှိခဲ့မယ်ဆိုရင်တောင် ဒါက သင်ရိုးဖတ်စာအုပ် လက်လှမ်းမှီမှုကြောင့်လို့ အဖြေကောက်လို့ မရပါဘဲ အရေအတွက်အားဖြင့် အင်မတန် နည်းတဲ့ အတော်ဆုံးကျောင်းသားတွေကိုသာလျှင် သက်ရောက်နေတာကြောင့် ပညာရေးအခြေအနေ တစ်ခုလုံး အတွက် ကောက်ချက်ချလို့ မရနိုင်ပါဘူး။

ဝင်ငွေနည်းတိုင်းပြည်တွေရဲ့ အဓိကပြဿနာက အရင်းအမြစ်ချို့တဲ့ တဲ့ ပြဿနာ မဟုတ်ဘူးလို့ နှောင်းပိုင်း မြေပြင်ကွင်းဆင်းသုတေသနတွေက ဆိုပါတယ်။ တကယ့်အကြီးဆုံးပြဿနာက ကျောင်းသူကျောင်းသားတွေရဲ့ လိုအပ်ချက်နဲ့ အပြည့်အဝ မကိုက်ညီတဲ့ သင်ကြားရေး ဖြစ်ပါတယ်။ ဒါနဲ့ ပတ်သတ်လို့ ပထမဆုံးသုတေသနမှာ ပါမောက္ခဘာနားဂျီး၊ ပါမောက္ခဒက်ဖလိုနဲ့ အဖွဲ့က အိန္ဒိယမြို့ကြီးနှစ်မြို့မှာ လေ့လာခဲ့ကြပါတယ်။ မွန်ဘိုင်းနဲ့ ဗာဒိုဒါရာတို့မှာ ကျောင်းအများအပြားကို မြေပြင်ကွင်းဆင်းလက်တွေ့သုတေသန စံချိန်တွေနဲ့ အညီ ကျပန်း လေ့လာခဲ့ပါတယ်။ အထူးလိုအပ်ချက်ရှိနေတဲ့ ကလေးတွေအတွက် ပညာရေးအစီအစဉ်မှာ လေ့လာကြတာပါ။ သုတေသနရလဒ်အဖြေက အတန်းထဲမှာ အားအနည်းဆုံးကျောင်းသားကျောင်းသူတွေကို အဓိကထားပြီး သင်ကြားရေးလက်ထောက်တွေ ဝင်ရောက်ကူညီလိုက်တာဟာ ပညာရေးရလဒ်ကို ကာလတိုနဲ့ ကာလလတ် အတွင်း သေချာပေါက် ထိရောက်ပါတယ်တဲ့။

အခြားနိုင်ငံတွေမှာလည်း ကျန်းမာရေး၊ ချေးငွေရရှိမှု၊ နည်းပညာသစ် လက်လှမ်းမှီမှုနဲ့ အသုံးပြုနိုင်မှုတို့နဲ့ ပတ်သတ်လို့ မြေပြင်ကွင်းဆင်းလက်တွေ့သုတေသနစီမံကိန်းတွေ အမြောက်အများ ပေါ်ထွက်လာပါတယ်။ ဒီလက်တွေ့အကျိုးရှိတဲ့ ပညာရပ်ဆိုင်ရာ သုတေသနရေစီးကြောင်းသစ်ကို ၂၀၁၉နိုဘယ်ဆုရှင် ဘောဂဗေဒ ပညာရှင်သုံးဦး အဘီဂျစ်ဘနားဂျီး၊ အက်စသာဒက်ဖလို၊ မိုက်ကယ်ခရင်မာတို့က အစပြုခဲ့သလို ရှေ့တန်းကနေ မဆုတ်မနစ် မားမားမတ်မတ် ရပ်တည်ခဲ့တာပါ။ သူတို့ရဲ့ ဘယ်တော့မှ ကျော့သွားလို့ မရတော့တဲ့ လက်ရာတွေ ကြောင့် ဖွံ့ဖြိုးရေးဘောဂဗေဒပညာရှင်တွေရဲ့ ဆင်းရဲမှုလျှော့ချရေးအတွက် လုပ်ဆောင်မှုတွေရဲ့ သက်ရောက်မှု တွေကို တိုင်းတာဖို့ စံတော်ဝင်နည်းနာ ဖြစ်လာပါတယ်။ (အစိုးရကဖြစ်စေ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းကဖြစ်စေ၊ ဆင်းရဲမှုလျှော့ချဖို့ တကယ်လုပ်သင့်တာ ဘာလဲ၊ တစ်ကမ္ဘာလုံး ဆင်းရဲမှု လျှော့ချရေးအတွက် အရေးပါတဲ့ ခြေလှမ်းကို ဘောဂဗေဒပညာရှင်သုံးဦးက ကြိုးစားခဲ့ကြတာပါ။)

Copyright © 2025. Economic Education Program, Inya Economics.

**မြေပြင်ကွင်းဆင်းသုတေသနများကို သီအိုရီများနဲ့ ချိတ်ဆက်**

ကောင်းစွာ ဒီဇိုင်းဆင်ထားတဲ့ လက်တွေ့သုတေသနစမ်းသပ်ချက်တွေက ယုံကြည်ဖို့ ကောင်းပါတယ်။ ဒီနည်းနာတွေကို အရင်က ဆေးဝါးသစ်ဖော်ထုတ်ရာမှာ အစဉ်အလာလက်တွေ့စမ်းသပ်ချက်တွေမှာ အသုံးပြု ခဲ့တာပါ။ ဆေးဝါးသစ် သို့မဟုတ် ကုသနည်းအသစ်တွေဟာ တကယ်ထိရောက်ရဲ့လား တကယ် ပျောက်ကင်း စေနိုင်ရဲ့လား ဆိုတာကို စမ်းသပ်ခဲ့ကြတာပါ။

နိုဘယ်ဆုရှင်တွေရဲ့ မြေပြင်ကွင်းဆင်းလက်တွေ့သုတေသနတွေမှာ ထင်ရှားတဲ့ အချင်းအရာ နှစ်ခု ရှိပါတယ်။ ပထမအချင်းအရာက သုတေသနအတွင်း ပါဝင်သူများဟာ သူတို့ရဲ့ နေ့စဉ်ကြုံတွေ့ရတဲ့ဝန်းကျင်မှာ တကယ့်အစစ်အမှန်ဆုံးဖြတ်ချက်တွေကို ချမှတ်ပါတယ်။ ဒါက မတူညီတဲ့ အုပ်စုအားလုံးမှာ ပါဝင်သူတွေက ဆုံးဖြတ်ချက်ချကြပါတယ်။ ဒုတိယအချင်းအရာက အခြေခံကျတဲ့ ထိုးထွင်းသိမြင်မှုတစ်ခုအပေါ် နိုဘယ်ဆုရှင်တွေက အခြေခံထားကြပါတယ်။ ကျနော်တို့ မြင့်တင်ချင်တဲ့ အခြေအနေမှာ မြောက်များစွာသော တစ်ဦးချင်းဆုံးဖြတ်ချက်တွေ ထင်ဟပ်နေပါတယ် ဆိုတာပါပဲ။ အခြေအနေတိုးတက်မှုတွေ ဆက်တိုက် ဆက်တိုက် စဉ်ဆက်မပြတ် ဖြစ်ပေါ်နေဖို့ဆိုတာ သာမန်ပြည်သူတွေက သူတို့ဘဝပြဿနာတွေကို ဖြေရှင်းဖို့ ဘယ်လိုဆုံးဖြတ်ချက်ချတယ်၊ ချမှတ်တဲ့ဆုံးဖြတ်ချက်တွေရဲ့ အကြောင်းရင်းတွေ၊ မောင်းနှင်အားတွေကို အသေအချာ သိနားလည်ဖို့ အရေးကြီးပါတယ်။ ပါမောက္ခသုံးယောက်က သာမန်ပြည်သူတွေ ဘဝအခြေအနေ တိုးတက်ဖို့ ပေးအပ်လိုက်တဲ့ အကူအညီတွေက တကယ်အလုပ်ဖြစ်မလား ဆိုတာကိုသာမက ဘာကြောင့်အလုပ်ဖြစ်တယ်၊ ဘာကြောင့်အလုပ်မဖြစ်ဘူးဆိုတာကိုပါ ပညာရပ်ပိုင်း စစ်ဆေး ဖော်ထုတ်ပါတယ်။ ကမ္ဘာတဝန်း သာမန်ပြည်သူများ ဘဝအခြေအနေ တိုးတက်စေရေးနဲ့ ဆင်းရဲမှုလျှော့ချရေးအတွက် ဘောဂဗေဒပညာရှင်သုံးဦး ကြိုးပမ်းအားထုတ်ချက် ဖြစ်ပါတယ်။

သုတေသနလုပ်ပြီး တွေ့ရှိချက်တွေ များလာတာနဲ့အမျှ အဆိုပါတွေ့ရှိချက်တွေကို အခြား ဆင်တူသော အခြေအနေများအတွက် ချင့်ချိန်စဉ်းစားလို့ရတဲ့ အလားအလာကလည်း ကျယ်ပြန့်လာပါတယ်။ ရှာဖွေတွေ့ရှိထားတာကို ဆက်စပ်ပြီး သီအိုရီသစ်ပြုလာနိုင်ရင် သီအိုရီဖြစ်လာတဲ့အခါ ပြဿနာဖြေရှင်းနိုင်စွမ်းကလည်း မြင့်မားလာပါတော့တယ်။ ဒ့ါကြောင့် ခိုင်မာတဲ့ မဖြိုလှဲနိုင်လောက်မယ့် လက်တွေ့အသစ်တွေ့ရှိချက်တွေက သီအိုရီသစ်ပြုနိုင်ရေး အထူးအရေးပါပါတော့တယ်။

**အခိုင်အမာ ရလဒ်များ**

အခု အခိုင်အမာရလဒ်တွေကို ကဏ္ဍအလိုက် တင်ပြပါမယ်။

Copyright © 2025. Economic Education Program, Inya Economics.

**ပညာရေး**

ဆင်းရဲတဲ့တိုင်းပြည်တွေရဲ့ ပညာရေးပြဿနာကို အခုအခါ ကျနော်တို့ ပိုပြီး ရှင်းရှင်းလင်းလင်း နားလည်လာကြပါပြီ။ သင်ရိုးဖတ်စာအပါအဝင် သင်ရိုးညွှန်းတမ်းတွေနဲ့ သင်ကြားမှုတွေက စာသင်သားတွေရဲ့ (ပစ္စုပ္ပန်နဲ့ အနာဂတ်) ဘဝလိုအပ်ချက်တွေကို မဖြည့်ဆည်းပေးနိုင်ပါဘူး။ ကျောင်းဆရာတွေက ခိုင်မာတဲ့ အကြောင်းအရင်း မရှိဘဲ ကျောင်းပျက်ကွက်နေကြပါတယ်။ စာသင်ကျောင်း အပါအဝင် ပညာရေး အင်စတီ ကျူးရှင်းတွေက တော်တော်လေး အားနည်းပါတယ်။

အထက်မှာ ဖော်ပြထားတဲ့ လေ့လာမှုအရ စာသင်ခန်းထဲမှာ စာမလိုက်နိုင်တဲ့ ကျောင်းသားတွေကို အဓိကအားပေး ကူညီတဲ့နည်းလမ်းက ကာလတိုကို ကျော်လွန်ပြီး ကာလလတ်အထိ ပညာရေးရလဒ်တွေကို ထိထိရောက်ရောက် ကောင်းကျိုးပြုပါတယ်။ စရိတ်လည်း သက်သာပါတယ်။ ဒီအကြောင်းအရင်းကိုပဲ ဆင့်ပွားပြီး သုတေသန ရလဒ်တွေ ထွက်ပေါ်လာရာက အခုဆိုရင် အားပေးကူညီရေး ပရိုဂရမ်အရွယ်အစားတွေက အကြီးစားအဆင့်အထိ ရောက်ရှိလာပါပြီ။ အိန္ဒိယပြည်မယ် ကျောင်းပေါင်း တစ်သိန်းကျော်မှာ အားပေးကူညီရေး ပရိုဂရမ်တွေ ဆောင်ရွက်နေပါပြီ။

ကျောင်းဆရာတွေက ကျောင်းဆရာနာမည်သာ ရှိပြီး ကျောင်းမလာ၊ စာမသင်တာတွေက ပညာရေးရဲ့ ထိပ်တန်းပြဿနာတစ်ခုလို့ တင်ပြပြီး ဖြစ်ပါတယ်။ ဒီလိုဖြစ်ရတာဟာ မက်လုံးပေးတာ မလုံလောက်လို့၊ တာဝန်ခံမှု တည်ဆောက်တာ အားနည်းလို့ ဆိုတာအပေါ် ပညာရှင်သုံးယောက် စစ်ဆေးဖော်ထုတ်ပါတယ်။ ကျောင်းဆရာတွေ ကျောင်းလာချင်အောင် လုပ်နိုင်တဲ့နည်းလမ်းတစ်ခုကတော့ ကာလရှည်နဲ့ တစ်သက်တာ ခန့်အပ်မှုများအစား ကာလတိုစာချုပ်တွေ ချုပ်ဆိုပြီး ကျောင်းသားတွေရဲ့ ပညာရေးရလဒ် ကောင်းမွန်မှုသာ စာချုပ်ဆက်ချုပ်မယ့်ပုံစံကို ပြောင်းလဲတာ နည်းလမ်းကောင်းတစ်ခုလို့ အကြံပြုပါတယ်။ ဒက်ဖလို၊ ခရင်မာတို့ အဖွဲ့လုပ်တဲ့ သုတေသနမှာလည်း အမြဲတမ်းဝန်ထမ်းဆရာထက် စာချုပ်ဝန်ထမ်းဆရာတွေက ကျောင်းသားတွေရဲ့ ပညာရေးစာမေးပွဲရလဒ်ကို ပိုမိုကောင်းမွန်စေတယ်လို့ ဆိုပါတယ်။

ခြုံငုံသုံးသပ်ရရင် ဆင်းရဲတဲ့တိုင်းပြည်တွေမယ် ပညာရေးအတွက် ထပ်ဆောင်းပေးတဲ့ အရင်းအမြစ်က အရမ်းကို အကန့်အသတ်ကြီးမားပါတယ်။ တစ်ချိန်တည်းမှာ ကျောင်းသားတွေရဲ့ ဘဝလိုအပ်ချက်တွေအတွက် စူးစိုက်သင်ကြားပေးတာ၊ သင်ရိုးဖတ်စာတွေကို လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲပေးတာက ကျောင်းသားထုကို ကြီးကြီးမားမား ကောင်းကျိုးပြုပါတယ်။ ဒါ့အပြင် စာသင်ကျောင်းတွေရဲ့ အုပ်ချုပ်ပုံကို မြှင့်တင်တာ၊ ကိုယ့်အလုပ် ကိုယ်မလုပ်တဲ့ ဆရာတွေရဲ့တာဝန်ခံမှုကို တိုးမြှင့်တာ (ဆိုလိုတာက ဥပမာ ဆရာက စာသင်ကျောင်း

ကို တရားဝင်ခွင့်ရက်ထက် ကျော်လွန်ပြီး ကျောင်းလာဖို့ ပျက်ကွက်ရင် အလုပ်ဖြုတ်ပစ်တာ) တွေက စရိတ်သက်သက်သာသာနဲ့ ပညာရေးရလဒ်ကို တိုးတက်စေပါတယ်။

**ကျန်းမာရေး**

ကျန်းမာရေးနဲ့ ပတ်သတ်လို့ အရေးကြီးတဲ့ ကိစ္စက မေးခွန်းနှစ်ခုကို ဖြေဆိုဖို့လိုပါတယ်။ ဆေးဝါးနဲ့ ကျန်းမာရေးဝန်ဆောင်မှုက အခကြေးငွေ ကျသင့် သင့်ပါသလား။ တကယ်လို့ ကျခံသင့်တယ်ဆိုရင် ဆေးဝါးနဲ့ ဝန်ဆောင်မှုထဲက ဘာကို ကျခံသင့်ပါသလဲ။ ခရင်မာနဲ့ အဖွဲ့လုပ်တဲ့ သုတေသနတစ်ခုအရ ဆေးဝါးကို အခကြေးငွေ မပေးရတဲ့ အချိန်မှာ မိဘ ၇၅ ရာခိုင်နှုန်းက သူတို့ကလေးတွေကို ဖျားတဲ့အခါ ဆေးတိုက်နိုင်ပြီး အမေရိကန် ဒေါ်လာတစ်ဒေါ်လာအောက်သာ ကျသင့်တဲ့ အခကြေးငွေ ပေးရချိန်မှာတော့ မိဘတွေရဲ့ ၁၈ရာခိုင်နှုန်းကသာ သူတို့ကလေးတွေကို ရောဂါပျောက်အောင် ဆေးတိုက်နိုင်ပါတော့တယ်။ ဆင်းရဲတဲ့ သာမန်ပြည်သူတွေသာ ကျန်းမာရေးနဲ့ ပတ်သတ်လာတဲ့အခါ သူတို့ရဲ့ ဆေးဈေးနှုန်းနည်းနည်းလေး မြင့်သွားတာနဲ့ သူတို့ ဆေးမကုနိုင်ကြတော့ပါဘူး။ ဆေးဝါးနဲ့ ပတ်သတ်လာရင်း ဆင်းရဲသားတွေရဲ့ ဈေးနှုန်းအလျော့အတင်း အင်မတန် ပြင်းထန်တယ်လို့ ပညာရပ်အသုံး သုံးနှုန်းပါတယ်။

ဆင်းရဲသားတွေက ကျန်းမာရေး ရင်းနှီးမြှုပ်နှံမှု သိပ်နည်းပါးပါတယ်။ ဒီလိုဖြစ်ရတာဟာ သူတို့ရဲ့ ဝင်ငွေ နိမ့်ပါးမှုအပြင် အခြားအကြောင်းအရင်းတစ်ခုလည်း ရှိပါသေးတယ်။ အဲဒါကတော့ သူတို့လက်ခံရရှိတဲ့ ကျန်းမာရေးဝန်ဆောင်မှုက အရည်အသွေး မကောင်းပါဘူး။ ကျန်းမာရေးဆေးပေးခန်းတွေ နေရာအနှံ့အပြား ဖွင့်လှစ်ထားပေမယ့် စာသင်ကျောင်းတွေမှာလိုပဲ ကျန်းမာရေးဝန်ထမ်းတွေကလည်း အားကျမခံ ပျက်ကွက်မှုနှုန်း မြင့်မားပါတယ်။ ဒီပြဿနာက ကျန်းမာရေးဝန်ထမ်း ရှားပါးလို့ဖြစ်တယ်ဆိုရင် ရွှေ့လျားကျန်းမာရေး ဆေးပေးခန်းတွေနဲ့ ပြဿနာကို လောလောဆယ် ထိထိရောက်ရောက် ဖြေရှင်းနိုင်ကြောင်း ပညာရှင်သုံးယောက်က အကြံပြုပါတယ်။ (ဒီမူရင်းဆောင်းပါးမှာ ကျန်းမာရေးဝန်ထမ်းတွေရဲ့ပျက်ကွက်မှုတွေကို လျော့ချဖို့ ပညာရေး ဝန်ထမ်းတွေ ကိစ္စတုန်းကလို တာဝန်ခံမှုကို တိုးမြှင့်ဖို့ ပညာရှင်သုံးယောက် အကြံမပြုထားပါ (ဝါ) အကြံပြုတယ်လို့ ရေးမထားပါဘူး၊ အလွယ်လေးတန်းတူ ယှဉ်ပြီး မသုံးသပ်ထားဘူးလို့ပဲ မှတ်ချက်ပြုရပါမယ်။ တစ်ချိန်တည်းမှာပဲ ဘာသာပြန်သူက ပညာရှင်သုံးယောက် သုတေသနစာတမ်းအကုန်မဖတ်ထားတာ၊ နိဘယ်ဆုရကော်မတီက ထည့်သွင်းမရေးထားတာတွေလည်း ဖြစ်နိုင်ပါတယ်။ သို့သော်လည်းပဲ ဒီနေရာမှာ ကျောင်းဆရာတွေ ကျောင်းပျက်ကော့ တာဝန်ယူမှု တိုးမြှင့်ဖို့ ပြောပြီး ကျန်းမာရေးဝန်ထမ်းတွေ ဆေးခန်းမလာတော့ ဘာလို့ တာဝန်ယူမှု တိုးမြှင့်ဖို့ မပြောသလဲဆိုတာ မေးသင့်မေးထိုက်တဲ့ မေးခွန်းတစ်ခု ဖြစ်ပါတယ်။) ဒက်ဖလိုတို့လုပ်တဲ့ သုတေသနအရ ကာကွယ်ဆေးထိုးလို့ ရတဲ့ ဆေးခန်းတွေ ရှိတာနဲ့ ကာကွယ်ဆေးထိုးတဲ့ ရာခိုင်နှုန်းက ၆

Copyright © 2025. Economic Education Program, Inya Economics.

ရာခိုင်နှုန်းကနေ ၁၈ ရာခိုင်နှုန်းကို မြင့်တက်သွားပါတယ်။ ဆေးခန်းလာပြီး ကာကွယ်ဆေးထိုးရင် ပဲတစ်အိတ်ပေးမယ်လို့ မက်လုံးပေးနိုင်တဲ့အခါ ၃၉ ရာခိုင်နှုန်းအထိ မြင့်တက်သွားတယ်လို့ ဆိုပါတယ်။

## ကန့်သတ်ခံထားရတဲ့ ကျိုးကြောင်းနည်းလမ်းကျမှု

အထက်မှာ ရေးထားတဲ့ ကာကွယ်ဆေးထိုးခြင်းအပေါ် လေ့လာမှုမှာ မက်လုံးတွေနဲ့ ကာကွယ်ဆေး အလွယ်တကူ ရရှိမှုတွေကို ပြဿနာကို ရာနှုန်းပြည့် မဖြေရှင်းနိုင်တာကို တွေ့ရပါမယ်။ မက်လုံးတွေပေး၊ ကာကွယ်ဆေး လက်လှမ်းမှီအောင် စီမံထားတာတောင် ကလေးသူငယ် ၆၁ ရာခိုင်နှုန်းက အပြည့်အဝ ကာကွယ်ဆေး မထိုးရသေးပါဘူး။ ဆင်းရဲတဲ့တိုင်းပြည်တွေမှာ ကာကွယ်ဆေးတွေရဲ့ အကာအကွယ်ပေးနိုင်တာတွေက နိမ့်ပါး နေဆဲ ဖြစ်ပါတယ်။ ဒါ့အတွက် အခြားအကြောင်းရင်းတွေ ရှိနေနိုင်ပါတယ်။ အကြောင်းရင်းတစ်ခုကတော့ ဘောဂဗေဒအခြေခံမှုတစ်ခုနဲ့ ပတ်သတ်နေပါတယ်။ လူသားတွေက အပြည့်အဝ ကျိုးကြောင်းနည်းလမ်း ကျတယ်လို့ ဘောဂဗေဒက ယူဆပါတယ်။ အခုတော့ ဒီအခြေခံမှုက ယိုင်နဲ့လာပါပြီ။ လူသားတွေရဲ့ ကျိုးကြောင်း နည်းလမ်းကျမှုက မပြည့်ဝတဲ့ အပြင် မိမိအခြေအနေပေါ် မူတည်ပြီး ကန့်သတ်ခံထားရပါတယ်။ ဒီအခြေခံ မှုအသစ်က လူသားတို့ အပြုအမူနဲ့ ရွေးချယ်မှုတွေအပေါ် အရင်ကထက် ပိုပြီး ကောင်းကောင်းရှင်းပြနိုင်ပါတယ်။ ဝင်ငွေနည်းပါးတဲ့ သာမန်ပြည်သူတွေခင်မျာ အခြားသူများထက် ရှားပါးမှု ပိုများလာပြီး အဲဒီအချက်က သူတို့ရဲ့ ကျိုးကြောင်းနည်းလမ်းကျနိုင်စွမ်းကို ကန့်သတ်လိုက်ပါတယ်။ ဝမ်းနည်းဖို့ကောင်းတဲ့ အမှန်တရား ဖြစ်ပါတယ်။

ကန့်သတ်ခံထားရတဲ့ ကျိုးကြောင်းနည်းလမ်းကျမှု ဆိုတာက အခြားအပြုအမူတွေကို ဆင့်ပွားမွေးထုတ် ပြန်ပါတယ်။ ဝင်ငွေနည်းပြည်သူများစွာဟာ ခေတ်မီနည်းပညာတွေကို အသုံးပြုဖို့ တွန့်ဆုတ်တွေဝေ နေတာကိုလည်း ရှာဖွေတွေ့ရှိထားပါတယ်။ ဒက်ဖလို၊ ခရင်မာနဲ့ အဖွဲ့ လုပ်ထားတဲ့ သုတေသနတစ်ခုအရဆိုရင် အာဖရိက ဆာဟာရက သာမန်ပြည်သူတွေဟာ ရိုးရှင်းတဲ့ စွန့်ဦးတီထွင်မှုလေးတွေ လုပ်ဖို့တောင် တွေဝေပြီး သူတို့အတွက် အကျိုးရှိတဲ့ ခါတိုင်းမသုံးဖူးတဲ့ မြေဩဇာကိုတောင် သုံးစွဲကြည့်ဖို့ တွန့်ဆုတ်နေပါတယ်။ ရှင်းပြချက်တစ်ခုကတော့ ပစ္စုပ္ပန်ကာလသာ သေချာရေရာတယ်၊ အနာဂတ်ဆိုတာ မသေချာဘူးလို့ သူတို့စွဲထင် နေရှာပါသတဲ့။ ရင်းနှီးမြှုပ်နှံမှုတွေကို မလုပ်လိုကြပါဘူး။ ရင်းနှီးမြှုပ်နှံမှုဆိုတာ လုပ်ဖို့ ပစ္စုပ္ပန်စားသုံးမှုထဲကနေ အနာဂတ်အတွက် ရွှေ့ပြောင်းရပါမယ်။ သူတို့ ဒီလိုမလုပ်ရဲကြပါဘူး။ ခေတ်မှီနည်းပညာဆိုတာက ပစ္စုပ္ပန်ကာလ မှာ စရိတ်တစ်ခု ပေးရပါတယ်။ နောက်ကျမှ အကျိုးအမြတ်ရမယ်လို့ မှန်းနိုင်တာပါ။ ရင်းနှီးမြှုပ်နှံမှုဆိုတာက အခုအခြေအနေထက် နည်းနည်းလေး ပိုကောင်းလာရင် လုပ်ကြတာပေါ့လို့ နှလုံးပိုက်ကြတာပါ။ ဒီလိုနဲ့ နောက်ရွှေ့ရင်း ရွှေ့ရင်း ရင်းနှီးမြှုပ်နှံမှု မလုပ်ဖြစ်ကြတော့ပါဘူး။ နိဘယ်ဆုရှင် ပညာရှင်သုံးဦးအလိုအရ လည်းကောင်း၊ ဘောဂဗေဒ ပင်မတွေးခေါ် ပုံတွေးခေါ်နည်းအရလည်းကောင်း ဝင်ငွေနည်းသာမန်ပြည်သူတွေကို ဘဝအခြေအနေ တိုးတက်ကောင်းမွန်စေဖို့ နည်းလမ်းရှာကြံချင်ရင် ဒီပြည်သူတွေရဲ့ အပြုအမူကို နားလည်အောင်

Copyright © 2025. Economic Education Program, Inya Economics.

လေ့လာရပါမယ်။ ပြန်ဆက်ရရင် ဒီပြည်သူတွေက ရေရှည်ရင်းနှီးမြှုပ်နှံမှုထက် ရေတိုအကျိုးရှိမှုကို လိုလား ပါတယ်။

ဒီအချက်က ဖွံ့ဖြိုးရေးမူဝါဒတွေ ချမှတ်တဲ့ကိစ္စမှာ အရေးတကြီး စဉ်းစားရမှာ ဖြစ်ပါတယ်။ ရေရှည်ပေးမယ့် အမတော်ကြေးထက် ရေတိုပေးတဲ့ဓာတ်မြေသြဇာကို သူတို့ ပိုစိတ်ဝင်စားပါတယ်။ ဒီပြည်သူတွေရဲ့ ဘဝ အခြေအနေတိုးတက်စေဖို့ ဆောင်ရွက်တဲ့ စီမံချက်တွေမှာ ဒီပြည်သူတွေရဲ့ပူးပေါင်းပါဝင်မှုက အရေးကြီးပါတယ်။ ဒီရှုထောင့်ကနေ ကြည့်ပြီး ကာလတိုထောက်ပံ့ကြေးများသည် ရေရှည်အမတော်ကြေးစနစ်များထက် ပိုမို ထိရောက်ပါတယ်တဲ့။

## ချေးငွေ

ဖွံ့ဖြိုးမှုဘောဂဗေဒပညာရှင်များက ဝင်ငွေနည်းပြည်သူတွေကို ချေးငွေပေးတာနဲ့ ပတ်သတ်လို့ တော်တော်လေး အကောင်းမြင်ကြပါတယ်။ ချေးငွေရလို့ အသက်မွေးဝမ်းကြောင်းလုပ်ငန်းတွေကို တိုးချဲ့နိုင်မယ်၊ အိမ်ထောင်စု အတွက် လိုအပ်တာလေးတွေကို ဝယ်ယူနိုင်လို့ စားသုံးနိုင်မယ်လို့ ကျိုးကြောင်းဆင်ခြင်ပြီး ယူဆခဲ့ကြပါတယ်။ အခု နိုဘယ်ဆုရှင်တွေက စနစ်တကျ မြေပြင်ကွင်းဆင်း လေ့လာကြည့်တဲ့အခါမှာတော့ မျှော်မှန်းထားတာနဲ့ ကွာခြားနေတာကို တွေ့ခဲ့ရပါတယ်။ အသက်မွေးဝမ်းကြောင်းလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်တာနဲ့ ပတ်သတ်လို့ စီးပွားရေးလုပ်ငန်းသစ် တည်ထောင်နိုင်တဲ့ အချက်အလက်နဲ့ တိုက်ဆိုင်စစ်ဆေးကြည့်တဲ့အခါ သေးငယ်တဲ့ အပေါင်းလက္ခဏာ သက်ရောက်မှုကိုသာ တွေ့ရှိခဲ့ရပါတယ်။ တစ်ဖန် ဝင်ငွေနည်းပြည်သူတွေရဲ့ စားသုံးနိုင်စွမ်း တိုးတက်မှု အခြေအနေ အချက်အလက်များနဲ့ တိုက်ဆိုင်စစ်ဆေးလိုက်တဲ့အခါမှာလည်း သက်ရောက်မှုကို မတွေ့ရှိခဲ့ရပါဘူး။ ဒါ့ကြောင့် နိုဘယ်ဆုရှင် ပညာရှင်သုံးဦးအလိုအရ ချေးငွေအစီအစဉ်များသည် ဝင်ငွေနည်း သာမန်ပြည်သူများအတွက် ထိရောက်သော အစီအစဉ်များ မဟုတ်ပါ။

## မူဝါဒပိုင်း ထည့်သွင်းစဉ်းစားမှုများ

နိုဘယ်ဆုရှင်တွေရဲ့ စာပေလက်ရာက မူဝါဒများအပေါ် တိုက်ရိုက်အားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်အား ဖြင့်သော်လည်းကောင်း အကျိုးသက်ရောက်မှု ရှိတယ်ဆိုတာ သိပ်ကို ရှင်းလင်းပါတယ်။ သူတို့ရဲ့ သုတေသန တွေက တိုင်းပြည်မူဝါဒတွေ ပုံဖော်ထုဆစ်တဲ့နေရာမှာ ဘယ်လောက်အထိ အရေးကြီးတယ် ဆိုတာကို အတိအကျ တိုင်းတာဖို့ ခက်ခဲပါတယ်။

အတန်းထဲမှာ စာမလိုက်နိုင်တဲ့ကလေးတွေကို ပစ်မှတ်ထားပြီး သင်ကြားရေးလက်ထောက်တွေက ဝင်ရောက် ကူညီပေးတာက ကာလတိုသာမက ကာလလတ်အထိပါ ပညာရေးရလဒ်တွေကို ထိထိရောက်ရောက် ကောင်းကျိုး

ပြုတယ် ဆိုတဲ့ တွေ့ရှိချက်ကြောင့် အကြီးစားအားပေးကူညီရေးပရိုဂရမ်တွေ ပေါ်ပေါက်လာပြီး အိန္ဒိယ ကလေးငယ် ငါးသန်းကျော်က ပညာရေးရလဒ်တိုးတက်လာတဲ့ ကောင်းကျိုးတွေကို ခံစားနေရပါပြီ။ တစ်ခါ ကာကွယ်ဆေးနဲ့ ပတ်သတ်တဲ့ လေ့လာမှုတွေကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကာကွယ်ဆေးတွေ ဖြန့်ဖြူးပေးလို့ ကျောင်းနေအရွယ် ကလေးသန်း ၈၀၀ ကျော် ကူးစက်ရောဂါဘေးက ကင်းဝေးရပါတယ်။ ဒါ့အပြင် နိုဘယ်ဆုရှင်တွေထဲက နှစ်ယောက်က ဆင်းရဲမှုလျှော့ချရေး လက်တွေ့အလုပ်ရုံဆိုတာကို ထူထောင်လို့ ဆင်းရဲမှုလျှော့ချရေးအတွက် သုတေသနတွေကို အားကောင်းမောင်းသန် လုပ်ကြပါတယ်။ ဆင်းရဲမှုလျှော့ချရေး ပရိုဂရမ်တွေကနေ လူပေါင်းသန်း ၄၀၀ လောက်အထိ အကူအညီပေးနိုင်ကြတဲ့ အခြေအနေကို ရောက်ရှိလာပါပြီ။ နိုဘယ်ဆုရှင်ပညာရှင်သုံးဦး အလိုကတော့ လူပေါင်းသန်းများစွာကို ဆင်းရဲတွင်းကို ကယ်ထုတ်နိုင်ဖို့ သုံးလိုက်တဲ့ ပိုက်ဆံတွေက တစ်ကျပ်ဆိုတစ်ကျပ် ထိရောက်ဖို့ လိုပါတယ်။ ဒီအသုံးတွေကို သေချာစစ်ဆေးအကဲဖြတ်ဖို့ လိုအပ်ပါတယ်။

နိုဘယ်ဆုရှင်တွေရဲ့ သုတေသနတွေက အစိုးရရုံးလုပ်ငန်းတွေ၊ ပုဂ္ဂလိကကုမ္ပဏီတွေရဲ့ အလုပ်လုပ်ပုံကို သွယ်ဝိုက်သောအားဖြင့် ကောင်းကျိုးပြုပြန်ပါသေးတယ်။ ပိုမိုကောင်းမွန်တဲ့ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ဖို့ အကြီးအကျယ် အထောက်အကူပြုပါတယ်။

၂၀၁၉ ခုနှစ် နိုဘယ်ဆုရှင်တွေရဲ့ စာပေလက်ရာတွေက ဖွံ့ဖြိုးမှုဘောဂဗေဒဘာသာရပ်ရဲ့ သုတေသနနယ်ပယ်ကို ပုံစံအသစ်၊ ရေစီးကြောင်းအသစ်နဲ့ ပြန်လည်ပုံဖော်လိုက်ပါတယ်။ သာမန်လူထုနားကို ဘောဂဗေဒပညာရှင်တွေ ရောက်အောင်သွားလိုက်ပါပြီ။ ဆင်းရဲမှုကို လျှော့ချဖို့၊ တိုက်ဖျက်ဖို့ ခေါင်းစဉ်အောက်မှာ မထိရောက်မှုတွေကို ဖျက်ပစ်ရမယ်ဆိုတဲ့ ဘောဂဗေဒရဲ့ စံတော်ဝင်အတွေးအခေါ်ကို သုတေသနနဲ့ လက်တွေ့လုပ်ရပ်တွေနဲ့ အကောင်အထည် ဖော်နေပါပြီ။ မြေပြင်ကွင်းဆင်းသုတေသနနည်းနားသစ်များနဲ့ ကမ္ဘာပေါ်က အားအနည်းဆုံး ပြည်သူတွေအတွက် ဆယ်စုနှစ်ချီ အလုပ်လုပ်ကိုင်ခဲ့ကြလို့ ၂၀၁၉ခုနှစ်မှာ ဘောဂဗေဒသိပ္ပံဆိုင်ရာ နိုဘယ်ဆု ရရှိခဲ့ပါတယ်။ အခုလည်း နိုဘယ်ဆုရှင် ဘောဂဗေဒပညာရှင်တွေက သူတို့အလုပ်ကို မရပ်နားဘဲ ဆင်းရဲမှုလျှော့ချရေး ဆက်လက်လုပ်ကိုင်နေဆဲ ဖြစ်ပါကြောင်း။ ။

---

(ဘောဂဗေဒသိပ္ပံ နိုဘယ်ဆုရွေးချယ်ရေးကော်မတီ၏ ကမ္ဘာ့ပြည်သူများအတွက် ထုတ်ဝေသော ဆောင်းပါးကို အဓိက အခြေခံကာ လိုအပ်သော အချက်အလက်နှင့် စဉ်းစားမှုများ ထပ်မံထည့်သွင်းပြီး ဆီလျှော်အောင် ဗမာဘာသာ ပြန်ဆိုထားပါသည်။ ဘာသာပြန်သူ - ကိုဉာဏ)

Copyright © 2025. Economic Education Program, Inya Economics.

# အမျိုးသမီး လုပ်သားဈေးကွက်ကို သမိုင်းကြောင်းချီ လေ့လာသူ ဘောဂဗေဒပညာရှင် ကလောက်ဒီယာဂေါ်ဒင်

**ကိုညဏ**

လုပ်သားဈေးကွက်မှာ မွေးရာပါလိင်ဖြစ်တည်မှုအပေါ် အခြေခံပြီး အကျိုးခံစားခွင့်တွေက မတူညီပါဘူး။ ဒီပြဿနာက အခုမှ ပေါ်ပေါက်လာတာ မဟုတ်ဘဲ သမိုင်းကြောင်းတလျှောက် တည်ရှိခဲ့ပါတယ်။

ပြီးခဲ့တဲ့ ရာစုနှစ်အတွင်း လခစားအမျိုးသမီးဝန်ထမ်းအရေအတွက်က ဝင်ငွေမြင့်နိုင်ငံအများအပြားမှာ သုံးဆမြင့်တက်လာခဲ့ပါတယ်။ ဒီခေတ်ကာလ လုပ်သားဈေးကွက်မှာ အကြီးကျယ်ဆုံး လူမှုပြောင်းလဲမှု၊ စီးပွားရေးပြောင်းလဲမှု ဖြစ်ပါတယ်။ ဒီလိုအပြောင်းလဲကြီး ပြောင်းလဲနေချိန် လိင်အခြေခံအကျိုးခံစားခွင့်ကွာဟတဲ့ ပြဿနာက သိသာထင်ရှားစွာ တည်ရှိနေဆဲ ဖြစ်ပါတယ်။ ဒီပြဿနာရဲ့ ရင်းမြစ်တွေကို ရှာဖွေဖော်ထုတ်ဖို့၊ ရှင်းပြနိုင်ဖို့ ပြီးပြည့်စုံတဲ့ နည်းနာနဲ့ သုတေသီတစ်ယောက်က ၁၉၈၀ ပြည့်နှစ်များမှာ ပေါ်ပေါက်လာခဲ့ပါတယ်။ သူမကတော့ ဘောဂဗေဒပညာရှင် ကလောက်ဒီယာဂေါ်ဒင် ဖြစ်ပါတယ်။ ကလောက်ဒီယာဂေါ်ဒင်ရဲ့ သုတေသနတွေက လုပ်သား ဈေးကွက်အတွင်း အမျိုးသမီးတို့ရဲ့ သမိုင်းနဲ့ ချီတည်ရှိနေတဲ့ အခန်းကဏ္ဍ၊ လက်ရှိကာလ အခန်းကဏ္ဍတွေအတွက် အသစ်သစ်သော ထိုးထွင်းသိမြင်မှုတွေကို အံ့ဩဖွယ်ကောင်းလောက်အောင် ပေးစွမ်းနိုင်ပါတယ်။

တစ်ကမ္ဘာလုံးက အမျိုးသမီးတွေအားလုံးရဲ့ တဝက်လောက်က အလုပ်ခွင်ဝင်၊ လခစားဝန်ထမ်းတွေ ဖြစ်လာကြပါပြီ။ အလုပ်ခွင်မှာ အမျိုးသမီးများ အရေအတွက်က အမျိုးသားအားလုံးရဲ့ ၈၀ရာခိုင်နှုန်းကျော် ရှိပါတယ်။ အမျိုးသမီးများ အလုပ်ခွင်ဝင်ရတဲ့အခါ သူတို့နဲ့ အရည်အချင်းတူ အမျိုးသားများနဲ့ ယှဉ်ရင် လစာက နည်းပါတယ်။ အလုပ်ခွင်အတွင်း အမျိုးသားများနဲ့ အမျိုးသမီးများရဲ့ အလုပ်အကိုင်အဆင့်၊ လစာခံစားခွင့်အဆင့် ဘာ့ကြောင့် ဘယ်လို ကွာခြားနေရပါတယ်ဆိုတာ နားလည်ဖို့ အရေးကြီးပါတယ်။ လူ့အဖွဲ့အစည်းအတွင်း လူသားအရင်းအမြစ်တွေကို အထိရောက်ဆုံး အသုံးပြုနိုင်ဖို့ အရေးကြီးတဲ့ အကြောင်းအရာ ဖြစ်ပါတယ်။

အမျိုးသမီးတွေက လုပ်သားဈေးကွက်မှာ သူတင်ကိုယ်တင် ယှဉ်ပြိုင်ဖို့ တူညီတဲ့ အခွင့်အရေးတွေ ရှိမနေရင် ဒါမှမဟုတ် ရရှိလာတဲ့ အခွင့်အရေးတွေမှာ မမျှမတ ယှဉ်ပြိုင်နေရရင် အမျိုးသမီးတွေရဲ့ လုပ်အားနဲ့ ကျွမ်းကျင်မှု

Copyright © 2025. Economic Education Program, Inya Economics.

တွေက အလဟဿ ဖြစ်မယ်။ အလေအလွင့်တွေ ဖြစ်လာပါမယ်။ အဲဒီလိုမျိုးကို ဘောဂဗေဒပညာရပ် အမြင်အရ ထိရောက်တယ်လို့ ပြောနိုင်ပါ့မလား။ အလုပ်အကိုင်တစ်ခုကို အရည်အသွေး အကောင်းဆုံးလူတစ်ယောက်က မရဘူးဆိုရင် ဒါက ဘောဂဗေဒနည်းကျ ထိရောက်တယ်လို့ ပြောနိုင်ပါ့မလား။ တူညီတဲ့ အလုပ်အကိုင်ပမာဏကို လုပ်ကိုင်ကြရပြီး မတူညီတဲ့ လုပ်ခလစာကို ရနေရင် ဒါကို ဘောဂဗေဒနည်းကျ ထိရောက်တယ်လို့ ပြောနိုင်ပါ့မလာ။ တူညီတဲ့အလုပ်ပမာဏ၊ မတူညီတဲ့လုပ်ခလစာကြောင့် အမျိုးသမီးများ အလုပ်လုပ်ချင်တဲ့ မက်လုံးကို ရိုက်ချိုးနေတယ်၊ လျှော့ချနေတယ်ဆိုရင် ဒါကို ဘောဂဗေဒနည်းကျ ထိရောက်တယ်လို့ ပြောနိုင်ပါသလား။ အမျိုးသမီး အလုပ်ခွင်ဝင် အလုပ်လုပ်နေသူများအတွက် ဝယ်လိုအားနဲ့ ရောင်းလိုအားအပေါ် သမိုင်းကြောင်းနဲ့ ချီသက်ရောက်နေတဲ့ အကြောင်းအရာတွေကို ဖော်ထုတ်ဖို့ ဘောဂဗေဒပညာရှင် ကလောက်ဒီယာဂေါ်ဒင်က ဘောဂဗေဒနည်းနာနဲ့ရော၊ ဘောဂဗေဒသမိုင်းအမြင်တွေနဲ့ရော လေ့လာခဲ့ပါတယ်။ အလုပ်တစ်ဖက်၊ မိသားစုတစ်ဖက်နဲ့ အမျိုးသမီးတွေက ဘယ်လိုပေါင်းစပ်အလုပ်လုပ်ကိုင်သလဲ၊ ပညာရေးနဲ့ ကလေးထိန်းတာမှာ အမျိုးသမီးတွေ ဘယ်လို ဆုံးဖြတ်ချက် ချပါသလဲ၊ နည်းပညာအသစ်ရှာဖွေတွေ့ရှိမှုတွေက အမျိုးသမီးတွေအပေါ် ဘယ်လိုသက်ရောက်သလဲ၊ ဥပဒေတွေနဲ့ စံနှုန်းတွေကကော ဘယ်လိုရှိသလဲ၊ စီးပွားရေးအဆောက်အအုံတစ်ခုလုံးရဲ့ တည်ဆောက်ပုံ ပြောင်းလဲလာတာက အလုပ်လုပ်နေတဲ့ အမျိုးသမီးတွေကို ဘယ်လိုသက်ရောက်သလဲ၊ ဒီမေးခွန်းတွေကို အဖြေပေးဖို့ ကလောက်ဒီယာဂေါ်ဒင်က ကြိုးစားခဲ့ပါတယ်။ ဂေါ်ဒင်ရှာတွေ့ခဲ့တဲ့ ရလဒ်တွေကြောင့်မို့လို့ အမျိုးသမီးများရဲ့ အလုပ်အကိုင်ရရှိမှုနှုန်းနဲ့ လုပ်ခလစာတွေ မတူညီတာက ဘာကြောင့်ဖြစ်တယ်၊ ဘယ်လိုဖြစ်တယ်ဆိုတာ ပိုပြီး ရှင်းပြနိုင်ခဲ့ပါတယ်။ ဒီလို ရှင်းပြနိုင်ဖို့ ဂေါ်ဒင်က ပြီးခဲ့တဲ့ နှစ်၂၀၀ကျော်လောက်အထိ လေ့လာခဲ့ရပါတယ်။



**ကလောက်ဒီယာဂေါ်ဒင်** (Pic – Claudia Goldin, the woman who won, BBVA foundation)

Copyright © 2025. Economic Education Program, Inya Economics. 

## နောက်ကြည့်မှန်ကနေကြည့်

ပြီးခဲ့တဲ့ ရာစုနှစ်အနည်းငယ်အတွင်း နိုင်ငံရေးအပြောင်းအလဲ၊ လူမှုအပြောင်းအလဲ၊ နည်းပညာအပြောင်းအလဲတွေကို လူ့အဖွဲ့အစည်းက ရင်ဆိုင် ကြုံတွေ့ခဲ့ရပါတယ်။ စက်မှုတော်လှန်ရေးကာလကနေ အခုအထိ ခေတ်ပြိုင်ပေါ်ပေါက်လာတဲ့ စက်မှုနိုင်ငံတွေဟာ တည်ငြိမ်တဲ့ စီးပွားရေးတိုးတက်မှုရဲ့ ကောင်းကျိုးတွေကို စံစားနိုင်ခဲ့ကြပါတယ်။ စီးပွားရေးက တည်တည်ငြိမ်ငြိမ် တိုးတက်လာတာနဲ့အမျှ အလုပ်ခွင်အတွင်း အမျိုးသမီးပါဝင်နိုင်မှုကလည်း ကျွဲကူးရေပါ တိုးတက်လာတယ်လို့ အလွယ်ထင်မြင်စရာ ရှိပါတယ်။ တကယ်တမ်းကျ အဲ့လိုဖြစ်မနေဘူးလို့ ဂေါဒင်ရဲ့သုတေသနတွေက ဆိုပါတယ်။

အစဉ်အလာစိုက်ပျိုးရေးကို အခြေခံခဲ့ရတဲ့ စီးပွားရေးကနေ ယနေ့ခေတ် စီးပွားရေးအထိ အသွင်ကူးပြောင်းနေတဲ့ဖြစ်စဉ်တလျှောက်လုံး အမျိုးသမီးတို့ အခြေအနေ ဘယ်လိုတွေ ပြောင်းလဲလာတယ်ဆိုတာ နားလည်နိုင်ဖို့ ဂေါဒင်ကြိုးစားခဲ့ပါတယ်။ ကားတစ်စီးမောင်းနေချိန် ကားကလည်း တကယ်ကြီး ရှေ့ကို မောင်းနှင်နေချိန် ကားနောက်ခုံမှာဘယ်သူတွေ ဘာတွေ လုပ်နေတယ်ဆိုတာ နောက်ကြည့်မှန်ကနေ ကြည့်ကြတယ်မလား။ နောက်ကြည့်မှန်ကတစ်ခါတစ်လေ အချို့အပိုင်းတွေ ရေငွေ့ရိုက်တတ်ပါတယ်။

စီးပွားရေးအဆောက်အအုံတစ်ခုမှာ အမျိုးသမီးတွေ လုပ်အား ဘယ်လောက်အထိ ပါဝင်ထားပါတယ်လို့ သမိုင်းကမှတ်တမ်းတင်ထားတာတွေက တကယ့်အရှိထက် အများကြီး နည်းနေပါတယ်။ ကားနောက်ခုံကို တကယ်ဂရုစိုက်တဲ့ ကားမောင်းသူက ရေငွေ့ရိုက်နေတာကို ကြည်လင်သွားအောင် လုပ်ပြီး ကြည့်သလို စီးပွားရေးအဆောက်အအုံရဲ့ ကားနောက်ခုံကို တကယ်ဂရုစိုက်ရင် ကြည်လင်နေတဲ့ နောက်ကြည့်မှန်ကနေ ကြည့်ရမယ်။ ဂေါဒင်က နောက်ကြည့်မှန်ကနေ ကြည့်ဖို့ တိုက်တွန်းသလို ရှေ့က ဦးစီးမောင်းနှင်နေသူများ ကြည်ကြည်လင်လင်မြင်နိုင်အောင် သူကပါ ဝင်ပြီး ရှင်းလင်းပေးပါတယ်။ သမိုင်းတလျှောက် အမျိုးသမီးထုရဲ့ စီးပွားရေးထဲပါဝင်မှုအတွက် အမှန်ဆုံး သိရှိနားလည်နိုင်ဖို့ သမိုင်းအထောက်အထားတွေ အများကြီး ကြည့်ရှုခဲ့ရပါတယ်။ အမေရိကန်သမိုင်းကို ဂေါဒင် အသေးစိတ် သေချာကြည့်လိုက်တော့မှ တည်ဆဲသိမှုနယ်ပယ်အကျယ်လောက်နဲ့မလုံလောက်ဘူး၊ လုပ်သားဈေးကွက်အတွင်း အမျိုးသမီးများရဲ့ သမိုင်းဝင်ပါဝင်မှုနဲ့ ခေတ်ပြိုင်အဆင့်အတန်းကလည်း ပြောင်းလဲသွားရပါတယ်။ လုပ်သားဈေးကွက်မှာ အမျိုးသမီးများ ပါဝင်မှုကို သမိုင်းကြောင်းနဲ့ချိပြီးကြည့်လိုက်ရင် အင်္ဂလိပ်အက္ခရာ U ပုံစံရပါတယ်။

### U ပုံစံ မျဉ်းကွေး

၂၀ ရာစုကနေ ခေတ်ပေါ်ကာလအထိ အချက်အလက်များကို လေ့လာပြီးတော့ စီးပွားရေးတိုးတက်မှုနဲ့ အလုပ်ခွင်ဝင်တဲ့ အမျိုးသမီးအရေအတွက်တို့ဟာ အပေါင်းလက္ခဏာ ဆက်စပ်မှု ရှိတယ်လို့ ဆိုပါတယ်။ စီးပွားရေး တိုးတက်

Copyright © 2025. Economic Education Program, Inya Economics.

လာရင်၊ စီးပွားရေးတိုးတက်လာတာနဲ့အမျှ အမျိုးသမီးများများလည်း အလုပ်ခွင်ဝင် ရောက်လာမယ်ဆိုတဲ့ လွယ်ကူရှင်းလင်းတဲ့ အမြင်ဆီကို ဦးတည်သွားပါတယ်။ တော်တော်ကြာကြာ ဒီအမြင်ကို မှန်တယ်လို့ လက်ခံယုံကြည်ခဲ့ကြပါတယ်။ သို့သော် ၁၉၉၀ ပြည့်နှစ် ကလောက်ဒီယာဂေါ်ဒင်ရဲ့ "အမေရိကန်အမျိုးသမီးများရဲ့ စီးပွားရေးသမိုင်း၊ လိင်အခြေခံ ကွာဟချက်" ဆိုတဲ့ စာအုပ် ထွက်ပေါ်လာတော့မှ တည်ဆဲ အမြင်ကြီးက မှားနေတယ်ဆိုတာကို ထောက်ပြနိုင်ပါတော့တယ်။


တည်ဆဲအချက်အလက်တွေမှာ ဖော်ပြထားတဲ့ လုပ်သားထုအတွင်း အမျိုးသမီးများ ပါဝင်မှု အချက်အလက် စာရင်းက မမှန်ဘူးဆိုတာ ဂေါ်ဒင် ပထမဆုံး တွေ့ရတာပါပဲ။ သန်းခေါင်စာရင်းများနဲ့ အစိုးရစာရင်းများမှာ အမျိုးသမီးတွေရဲ့ အလုပ်အကိုင်ကို မှီခို လို့ ထည့်ရေးကြတာ ပုံမှန် ဖြစ်ခဲ့ပါတယ်။ အမျိုးသမီးများဟာ အိမ်ထောင်ကျ၊ လက်ထပ်ပြီးတာနဲ့ အိမ်တွင်းမှုပဲ လုပ်ကြတော့မယ်ဆိုတာ အလိုအလျောက်ဖြစ်တဲ့ သဘာဝ ဖြစ်စဉ် မဟုတ်ပါဘူး။ ပြောချင်တာက အမျိုးသမီးများဟာ အိမ်ထောက်ကျပြီးလို့ လယ်သမားနဲ့ ယူတော့ လယ်အလုပ် ကူရတယ်၊ ကုန်စုံဆိုင်ရှင်နဲ့ ယူရင် ကုန်စုံဆိုင် ကူရတယ်၊ အိမ်တွင်းမှုအလုပ်ကို အလုပ်လို့ သတ်မှတ်တာ မသတ်မှတ်တာ ခဏထားပါဦး... ၊ ခင်ပွန်းအလုပ်တွေ တနေကုန် ကူပေးတာတောင် ဒီအမျိုးသမီး တွေကို အစိုးရစာရင်းတွေမှာ "မှီခို" တဲ့လား။ အမျိုးသမီးအများအပြားဟာ ဝါးဂွမ်းစက်တွေ၊ အသေးစား ထုတ်လုပ်ရေး လုပ်ငန်းတွေမှာ ခင်ပွန်းကို ကူဖို့ အလုပ်လုပ်ခဲ့ကြပါတယ်။ သို့ပေမယ့် အစိုးရတရားဝင်စာရင်း တွေအရ သူတို့က "မှီခို" လို့ တံဆိပ်ခပ်နှိပ်ခံခဲ့ရပါတယ်။ လုပ်သားထုအတွင်း အမျိုးသမီးများ ပါဝင်မှု အချက်အလက်စာရင်းလို့ ရေးထားတဲ့စာရင်း အချက်အလက် တွေက မမှန်တာပါ။ တကယ်မှန်ကန်တဲ့ အမျိုးသမီးများ အချက်အလက်စာရင်း ဖြစ်လာဖို့ ဂေါ်ဒင်က သမိုင်းဝင်အချက်အလက်များကနေ ထပ်ပေါင်း ထည့်သင့်တာတွေကို အသေအချာ စိစစ်ပြီး ပေါင်းထည့်ရပါတယ်။ သမိုင်းဝင်အချက်အလက်စစ်တမ်းများ၊ စက်မှုစာရင်းအချက်အလက်များ၊နဲ့ သန်းခေါင်းစာရင်းရဲ့ အခြားခေါင်းစဉ်အောက်က အချက်အလက်တွေကို အသေအချာစစ်ဆေးပြီး ပေါင်းထည့်ရပါတယ်။ ဒီလိုနှစ်ပေါင်းများစွာ ကြိုးကြိုးစားစား လုပ်ကိုင်လိုက်တော့မှ လုပ်သားထုအတွင်း အမျိုးသမီးများ ပါဝင်မှု အချက်အလက်စာရင်း အမှန်ကို ရပါတော့တယ်။ ၁၈၉၀ ပြည့်လွန်နှစ်များမှာ အမျိုးသမီးများ အမေရိကန်လုပ်သားထုအတွင်း ပါဝင်မှုနှုန်းက တရားဝင်စာရင်းဇယား များထက် အဆပေါင်းများစွာ ပိုမိုများပြားနေတယ်ဆိုတဲ့ အချက်ကို ဂေါ်ဒင် ထုထောင်လိုက်ပါတယ်။ လက်ထပ်ပြီး အမျိုးသမီးများရဲ့ လုပ်သားထုအတွင်း ပါဝင်နှုန်းဆိုရင် တရားဝင်စာရင်းဇယားမှာ သုံးဆကျော် ပိုများတယ်လို့ ဂေါ်ဒင်က ထောက်ပြပါတယ်။

သမိုင်းကို နောက်ပြန်ပြန်ပြီး သွားကြည့်လိုက်တာ ၁၈ရာစုအဆုံးနားလောက်အထိ ရောက်သွားပါတယ်။ ၁၉ရာစု စက်မှုတော်လှန်ရေးကြီး အရှိန်အဟုန်နဲ့ ထိုးတက်မလာခင်အထိ အမျိုးသမီးများက လုပ်သားထုအတွင်း ပိုပြီ ဝင်ရောက်နိုင်ခဲ့ပါတယ် သို့မဟုတ် ဝင်ရောက်ဖို့ လွယ်ကူခဲ့ပါတယ်ဆိုတဲ့ သမိုင်းဆိုင်ရာ တွေ့ရှိချက်အသစ်တစ်ခုကို

Copyright © 2025. Economic Education Program, Inya Economics.

ဂေါ်ဒင် အံ့သြမှင်သက် တွေ့လိုက်ရပါတယ်။ စက်မှုတော်လှန်ရေးက အမျိုးသမီးတွေ အိမ်ကနေ အလုပ်လုပ်တာကို ခက်ခဲစေခဲ့ပါတယ်။ စက်ရုံမှာ အလုပ်လုပ်သူတိုင်းက အလုပ်ခွင် လာကိုလာရမယ်ဆိုတဲ့ စည်းမျဉ်းတွေကြောင့် ဖြစ်နိုင်ပါတယ်။ ၁၈ရာစုနှစ် ဖီလာဒယ်ဖီးယားက ကိုယ့်အိမ်ထောင်စုကိုယ် တာဝန်ယူခဲ့ရတဲ့ အမျိုးသမီးပေါင်း တစ်သောင်းကျော်ဆီက အချက်အလက်တွေကြောင့် အခုလို တင်ပြနိုင်တာ ဖြစ်ပါတယ်။ လက်မထပ်ရသေးတဲ့ အမျိုးသမီးတွေရဲ့ ၄၀ရာခိုင်နှုန်းလောက်က ၁၈ရာစုနှစ် စက်ရုံတွေမှာ အလုပ်လုပ်တယ်ဆိုတဲ့ သမိုင်းအချက်အလက်လည်း ရှိနေပြန်ပါတယ်။ သို့ပေသိ အဲဒီအမျိုးသမီးငယ်တွေကို အလုပ်ပါဝင်မှုနှုန်းအတွက် ထည့်တွက်ရင်တော့ စက်မှုတော်လှန်ရေးကာလ အမျိုးသမီးများ လုပ်သားထုပါဝင်မှုနှုန်းမှာ အခြားခေတ်များနဲ့ ယှဉ်ရင် နိမ့်ကျနေတုန်းပါပဲ။

ဒီလိုစက်မှုတော်လှန်ရေးခေတ်မှာ စက်မှုတော်လှန်ရေးသက်ရောက်မှုကြောင့် စီးပွားရေးကလည်း တည်တည်ငြိမ်ငြိမ် တိုးတက်ခဲ့ပါတယ်။ သို့ပေသိ အမျိုးသမီးများ လုပ်သားထုပါဝင်နှုန်းကတော့ လျော့ကျခဲ့လို့ ဂေါ်ဒင့်အလိုအရ ဂေါ်ဒင့်သုတေသနများအရ သမိုင်းကြောင်းချီ လေ့လာပြီးနောက် စီးပွားရေးတိုးတက်မှုနဲ့ အမျိုးသမီးများ လုပ်သားထုပါဝင်မှုတို့အကြား ဆက်စပ်မှု မရှိပါဘူး။




(ဂေါ်ဒင်၏ ပြန်လည်တွက်ထုတ်ချက်အရ) လုပ်သားထုတွင် အမျိုးသမီးများ ပါဝင်နှုန်းပြ အင်္ဂလိပ်အက္ခရာ “U” ပုံစံ မျဉ်းကွေး။

Copyright © 2025. Economic Education Program, Inya Economics.

အင်္ဂလိပ်အက္ခရာ U ပုံစံ ဖြစ်နေတဲ့ အချက်အလက်ကြား ဆက်ဆံရေးအခြေအနေဟာ အမေရိကန်ပြည်ထောင်စု တစ်ခုတည်းမှာသာ မှန်တာ မဟုတ်ဘဲ တခြားနိုင်ငံအများအပြားမှာပါ မှန်ကန်နေဆဲပါပဲ။ ဒီလိုထိုးထွင်းသိမြင်မှုတွေက တစ်ကမ္ဘာလုံး အတိုင်းအတာ လုပ်သားဈေးကွက်မှာ အမျိုးသမီးထုရဲ့အခန်းကဏ္ဍကို နားလည်ဖို့၊ ပိုမိုကောင်းမွန်ထိရောက်အောင် ပုံဖော်နိုင်ဖို့မှာ အများကြီး အထောက်အကူ ဖြစ်ပါတယ်။ စီးပွားရေးတိုးတက်မှုနဲ့ အမျိုးသမီးများ လုပ်သားထုပါဝင်နှုန်းတို့အကြား ဆက်စပ်မှုမရှိဘူးဆိုတဲ့ ဂေါဒင့်တွေ့ရှိချက်က မူဝါဒပိုင်း သင်ခန်းစာ ဘာပေးပါသလဲ။ အမျိုးသမီးများ လုပ်သားဈေးကွက်မှာ ရင်ဆိုင်ကြုံတွေ့နေရတာတွေကို ဖြေရှင်းဖို့ စီးပွားရေးတိုးတက်မှုကို အားကိုးလို့ မရပါဘူးဆိုတဲ့ သင်ခန်းစာပါ။

လုပ်သားဈေးကွက်အတွင်း လိင်အခြေခံကွာဟမှုတွေက ဘာကြောင့် ဖြစ်နေတာလဲ။ လိင်မခွဲခြားဘဲ လုပ်အားနဲ့ လုပ်ခ ညီမျှစေဖို့၊ လုပ်အားအတွက် အကျိုးခံစားခွင့်တွေ တူညီလာစေဖို့ ကြိုးစားနေရတာက ရလဒ်ထွက်လာဖို့ ဘာကြောင့် ဒီလောက် နှေးကွေးနေရတာပါလဲ။ ဂေါဒင့်အတွက်ကတော့ ထိမ်းမြားမင်္ဂလာဆောင်တာက အရေးကြီးတဲ့ ဖြေရှင်းချက်တစ်ခုလို့ ဆိုပြန်ပါပြီ။

**Do you take this man to be your lawfully wedded husband?**

၂၀ရာစုအစပိုင်းလောက်မှာ လက်ထပ်ထားတဲ့ အမျိုးသမီးများနဲ့ လက်မထပ်ထားတဲ့ အမျိုးသမီးများအကြား အလုပ်အကိုင်ရရှိမှုနှုန်းမှာ သိသိသာသာ ကွာခြားလာပါတယ်။ လုပ်ခလစာရတဲ့ အမျိုးသမီးအားလုံးရဲ့ ၂၀ရာခိုင်နှုန်းမှာ ၅ရာခိုင်နှုန်းလောက်က အိမ်ထောင်သည်အမျိုးသမီးတွေ ဖြစ်ပါတယ်။ ဒီ၂၀ရာစုအစပိုင်းက အမေရိကန်ပြည်ထောင်စုသမိုင်းမှာ လုပ်သားဈေးကွက်အတွင်း အမျိုးသမီးပါဝင်နှုန်း အောက်ဆုံးရောက်နေရာကနေ အမြင့်ပြန်လည်ခုန်တက်လာခဲ့တဲ့ ကာလပါပဲ။ နည်းပညာမြင့်မားလာတာ၊ ဝန်ဆောင်မှုကဏ္ဍတိုးတက်လာတာ၊ ပညာရေးအဆင့်အတန်း မြင့်မားလာတာတွေကြောင့် အမျိုးသမီးလုပ်သား လိုလားချက်များမြင့်တက်လာပါတယ်။ အမျိုးသမီးထုအပေါ် တစ်ဖက်သက် မကောင်းမြင်တာ၊ တည်ဆဲဥပဒေများ၊ နည်းဥပဒေများက ခေတ်ရဲ့ တိုးတက်မှုတွေကို ချုပ်နှောင်ထားပါတယ်။ လက်ထပ်ထိမ်းမြားမှုက ရှေးယခင်ယုံကြည်ခဲ့တာတွေထက် ပိုပြီး သက်ရောက်မှု ကြီးမားကြောင်း ကလောက်ဒီယာဂေါဒင်က သက်သေပြလိုက်ပြန်ပါတယ်။

အမျိုးသမီးလုပ်သားအတွက် လိုလားချက်တွေ တောက်လျှောက်မြင့်မားနေပေမယ့် အချို့တည်ဆဲ ဥပဒေတွေကြောင့် အိမ်ထောင်သည်အမျိုးသမီးတွေက သူတို့ရဲ့အလုပ်အကိုင်တွေကို ချစ်ခင်မြတ်နိုးသော်လည်း ဆက်လက်မလုပ်ကိုင်နိုင်ကြတော့ပါဘူး။ ဝယ်လိုအားတက်တာတောင် ဒီတည်ဆဲဥပဒေတွေက ကြားက ဝင်နှောင့်နေတာပါ။ ၁၉၃၀ ကမ္ဘာ့စီးပွားပျက်ကပ်ကာလအတွင်းမှာ အဆိုပါဥပဒေအမျိုးအစားအရေအတွက်က အမြင့်ဆုံးကို ရောက်ရှိ

Copyright © 2025. Economic Education Program, Inya Economics.

ခဲ့ပြီး နောက်ပိုင်းမှာလည်း ဆက်လက်တည်ရှိနေပြန်ပါတယ်။ အမျိုးသားနဲ့ အမျိုးသမီး အလုပ်အကိုင်ရရှိမှုနှုန်း ကွာခြားချက်တွေ လျော့နည်းအောင် လုပ်ရာမှာ နှေးကွေးစေတဲ့ အခြားအကြောင်းအရင်းတစ်ခုလည်း ရှိပါသေးတယ်။ အဲဒါကတော့ အမျိုးသမီးတွေရဲ့ သူတို့အနာဂတ်အလုပ်အပေါ်ထားတဲ့ မျှော်မှန်းချက်ပါပဲ။

## မျှော်မှန်းချက်များ၏ အရေးပါမှု

လုပ်သားဈေးကွက်ထဲမှာ မျိုးဆက်အသီးသီး၊ လူမှုအုပ်စုအဖုံဖုံ ပါဝင်နေပါတယ်။ မျိုးဆက်တစ်ဆက်ချင်း လူမှုအုပ်စုတစ်စုချင်းက သူတို့ဘဝအတွက် အဓိကကျတဲ့ ရွေးချယ်မှုတွေ လုပ်ရတဲ့ အချိန်၊ အခြေအနေတွေက မတူညီကြပါဘူး။ လူမှုအုပ်စုတစ်စုက လုပ်သားဈေးကွက်ထဲ ဝင်လာနိုင်တဲ့ အခါဘာဖြစ်လာမလဲဆိုတာကို ရှင်းပြဖို့ လူမှုအုပ်စု အခြေခံ ချဉ်းကပ်မှုနဲ့ လေ့လာရေးမိုဒယ်ကို အဆင့်မြင့်ခဲ့ပါတယ်။ ၂၀ ရာစုအစောပိုင်းကာလများမှာ အမျိုးသမီးအများစုက လက်မထပ်ခင် နှစ်အနည်းငယ်လောက်ပဲ အလုပ်လုပ်ဖို့ မျှော်မှန်းခဲ့ကြပါတယ်။ လက်ထပ်ပြီးတော့ အလုပ်မလုပ်ကြတော့ပါဘူး။ ဘောဂဗေဒအမြင်အရ လုပ်သား ဈေးကွက်ကနေ ဆုတ်ခွာသွားကြပါတယ်။ လက်ထပ်တာကပဲ သူတို့ရဲ့ ပညာရေးရွေးချယ်မှုကို လွှမ်းမိုးထားပြန်ပါတယ်။ လျှင်လျှင်မြန်မြန် တိုးတက်နေတဲ့ ခေတ်ကြီးမှာ ဘယ်တော့မှ ပြီးပြည့်စုံမှာ မဟုတ်တဲ့ မျှော်မှန်းချက်တွေနောက်ကို အမျိုးသမီးများ လိုက်ပါသွားခဲ့ကြပါတယ်။

၂၀ရာစုရဲ့ ဒုတိယနှစ်ကာလပိုင်းကို ရောက်ရှိတဲ့အခါ လူမှုအပြောင်းအလဲတစ်ခု ကြုံရပြန်ပါတယ်။ အိမ်ထောင်သည်အမျိုးသမီးတွေဟာ သူတို့ကလေးတွေ အရွယ်ရောက်လာပြီ ပညာရေးလမ်းကြောင်းတစ်ခု သတ်သတ်မှတ်မှတ် ရွေးချယ်ပြီးပြီဆိုရင် အလုပ်ခွင်ပြန်ဝင်ဖို့ ကြိုးစားလာကြပါတယ်။ ၁၉၅၀ပြည့်လွန်နှစ်များက မိန်းမငယ်လေးအများစုမှာ အဲဒီအချိန်မှ အလုပ်ခွင်ပြန်ဝင်တဲ့ အမေတွေ ရှိတတ်ကြပါတယ်။ ဒီမိန်းမငယ်လေးတွေက ပညာရေးမှာပဲ ပိုပြီး အာရုံစိုက်အချိန်ပေးကြပါတယ်။ ၂၀ရာစု အချိန်ကာလအများစုမှာ အမျိုးသမီးတွေက သူတို့ဘယ်လောက် အလုပ်လုပ်ရလိမ့်မယ်ဆိုတာကို လျော့တွက်ခဲ့ကြပါတယ်။ မျှော်မှန်းချက်များနဲ့ ရလဒ်တွေက ၁၉၇၀ ပြည့်လွန်နှစ်များအထိ မပေါင်းဆုံနိုင်ခဲ့ပါဘူး။ အခုနောက်ပိုင်းမှာလည်း အမျိုးသမီးတွေက ပညာရပ်တွေ လေ့လာဖို့သာ စိတ်အားသန်လာကြပါပြီ။ အခုအချိန်တွေမှာ အမျိုးသမီးတွေရဲ့ ပညာရေးအဆင့်အတန်းက အမျိုးသားများထက် (ယေဘုယျအားဖြင့်) ပိုမိုမြင့်မားနေလာကြပါပြီ။

၂၀ရာစုရဲ့ ဒုတိယကာလဝက်မှာ အမျိုးသမီး အများအပြား အလုပ်ခွင်ကနေ စွန့်ခွာသွားကြရတဲ့ နောက်ထပ် အကြောင်းအရင်းတစ်ခုလည်း ရှိပါတယ်။ အဲဒါကတော့ အမျိုးသမီးအများအပြားက အလုပ်ခွင်ကို အသစ်ဝင်ရောက်လာဖို့ တာစူနေချိန် အမျိုးသမီးများ လျှောက်ထားလုပ်ကိုင်လို့ရတဲ့ အလုပ်အကိုင် အရေအတွက်က နည်းနည်းပဲ တိုးတက်တာ ဖြစ်ပါတယ်။ အမျိုးသမီး အများအပြားက သူတို့ကလေးတွေရဲ့ ပညာရေးနဲ့

Copyright © 2025. Economic Education Program, Inya Economics. 

ကျန်းမာရေးအတွက် အိမ်မှာ အချိန်တွေ အများကြီး ကုန်ဆုံးလိုက်တဲ့နောက် တိုးတက်ရေးဖြစ်စဉ် ဘာကြောင့် နှေးကွေးခဲ့ရသလဲဆိုတာရဲ့ အကြောင်းရင်းတစ်ခုလည်း ဖြစ်နေပြန်ပါတယ်။ လူမှုစံနှုန်းတွေ ပြောင်းလဲသွားတာတောင်၊ လုပ်သားဈေးကွက်ထဲမှာ ပုံစံသစ်တွေ ပေါ်ပေါက်လာတာတောင်၊ ပြီးတော့ အမျိုးသမီးတွေက အဆင့်မြင့်ပညာ တတ်မြောက်လာတာတောင်မှ လုပ်သားဈေးကွက်မှာ အမျိုးသမီးတွေရဲ့ အခန်းကို ပြောင်းလဲပေးစေနိုင်တာက ခုနပြောတဲ့ အချက်တွေ မဟုတ်ပါဘူး။ စနစ်တကျ သားဆက်ခြားပြီး အလုပ်ခွင်ဝင်နိုင်အောင် လုပ်ပေးနိုင်တဲ့ ဆေးပညာတိုးတက်မှုက အမျိုးသမီးတွေအနေနဲ့ လုပ်သားဈေးကွက်ပြိုင်ဆိုင်ရာမှာ ပိုပြီး ရွေးချယ်စရာများအောင်၊ အလုပ်ခွင်နဲ့ ပတ်သတ်တဲ့ ဘဝအနာဂတ်ကို အရင်ကထက် ပိုပြီး ထိန်းချုပ်နိုင်အောင် ကူညီပေးပါတယ်။

## သားဆက်ခြားဆေး အစွမ်း

သားဆက်ခြားဆေးလုံးတွေ စတင်မိတ်ဆက်လိုက်တဲ့ ၁၉၆၀ ပြည့်လွန်နောက်ဆုံးနှစ်များမှာ အမျိုးသမီးများရဲ့ လုပ်သားဈေးကွက် မျှော်မှန်းချက်များ ပြောင်းလဲခဲ့ပါတယ်။ အိမ်ထောင်စု သားဆက်ခြားဖို့ အမျိုးသမီးများ ကိုယ်တိုင် လွတ်လွတ်လပ်လပ် ထိန်းချုပ်လို့ ရလာပါတယ်။ အမေရိကန်ပြည်ထောင်စုပြည်နယ်တွေမှာ သားဆက်ခြားဆေး စတင်သုံးစွဲနိုင်တဲ့ အချိန်တွေက မတူညီပါဘူး။ ဒီအချက်ကို ကောင်းကောင်းအသုံးချပြီး ဂေါဒင်နဲ့ လောရင့်ကတ်တို့က သားဆက်ခြားဆေးအစွမ်းကို ပုံဖော်ခဲ့ကြပါတယ်။ သားဆက်ခြားဆေးကြောင့် အိမ်ထောင်ပြုတာရော ကလေးယူတာပါ နောက်ကျလာပါတယ်။ အဲ့အချိန်မှာ ဘဝအနာဂတ် အလုပ်နဲ့ ပညာရေးအတွက် နှစ်မြှုပ်နိုင်လာပါတယ်။ ဘောဂဗေဒ၊ ဥပဒေနဲ့ ဆေးပညာတို့မှာ အမျိုးသမီးကျောင်းသူ အရေအတွက် အရင်ကထက် ပိုမို မြင့်မားလာပါတယ်။ သားဆက်ခြားဆေးကြောင့် အမျိုးသမီးများဟာ သူတို့ အနာဂတ်ကို ပိုမိုကောင်းမွန်စွာ စီမံနိုင်လာပြီး မျှော်မှန်းချက်တွေလည်း ပိုပြီး ရှင်းလင်းလာပါတယ်။ ဒါ့ကြောင့် သားဆက်ခြားဆေးက အမျိုးသမီးတွေအတွက် ပညာကောင်းကောင်းတတ်ဖို့၊ ပိုမိုတောက်ပတဲ့ အနာဂတ်တွေအတွက် မက်လုံးကောင်းတွေကို ဖန်တီးပေးပါတယ်။

သားဆက်ခြားဆေးလုံးတွေက အမျိုးသမီးတွေရဲ့ ပညာရေးနဲ့ အလုပ်အကိုင်အတွက် ပိုမိုကောင်းမွန်တဲ့ အစီအမံတွေနဲ့ ရွေးချယ်စရာတွေ ဖြစ်လာဖို့ အပြုသဘော လွှမ်းမိုးနိုင်လာစေသော်လည်းပဲ အမျိုးသားနဲ့ အမျိုးသမီးအကြား ဝင်ငွေနဲ့ အကျိုးခံစားခွင့် ကွာခြားချက်ကိုတော့ အလုံးစုံ မဖြေရှင်းနိုင်သေးပါဘူး။ ၁၉၇၀ ပြည့်လွန်နှစ်ပိုင်းက စလို့ ကွာခြားချက် သိသိသာသာ လျော့ကျလာပါတယ်။ သမိုင်းတလျှောက် ဝင်ငွေ ကွာခြားချက် ဘယ်လို ပြောင်းလဲလာသလဲဆိုတာကို နားလည်အောင် လုပ်ဖို့ ဂေါဒင်တစ်ယောက် နောက်ကြည့်မှန်ကနေ တစ်ဆင့် ဖြတ်သန်းလျှောက်လှမ်းလာခဲ့တဲ့ သမိုင်းကို တချက်ပြန်ကြည့်ပြန်ပါတယ်။

Copyright © 2025. Economic Education Program, Inya Economics.

## သမိုင်းတစ်လျှောက် ဝင်ငွေကွာဟချက်များ

ရင်းမြစ်အမျိုးမျိုးကနေပြီး အမျိုးသားများနဲ့ အမျိုးသမီးများအကြား ဝင်ငွေကွာဟချက်အမှန် ထွက်ပေါ်လာအောင် ဂေါဒင် ကြိုးစားရပါတယ်။ ညီမျှမှုဆိုတာကို ဦးစားပေးရယ်လို့ မသတ်မှတ်ခဲ့ကြခင် ပြီးခဲ့တဲ့ နှစ်၂၀၀ လောက်ကို လွှမ်းခြုံစေနိုင်တဲ့ အချက်အလက်တွေကို အသုံးပြုပြီး လုပ်သားဈေးကွက်အတွင်း အရေးကြီးတဲ့ တည်ဆောက်ပုံ အပြောင်းအလဲတွေကို ဖော်ထုတ်ပါတယ်။ လေ့လာတွေ့ရှိမှုအရ စက်မှုတော်လှန်ရေးကာလ ၁၈၂၀ ကနေ ၁၈၅၀ အတွင်းနဲ့ အုပ်ချုပ်ရေးဝန်ဆောင်မှုများ တိုးတက်လာခဲ့တဲ့ ၁၈၉၀ကနေ ၁၉၃၀ အကြား ကာလတွေမှာ လိင်အခြေခံ ဝင်ငွေကွာဟချက် သက်သာလျော့ပါးခဲ့ပါတယ်။ စီးပွားရေးတိုးတက်လာပါတယ်ဆိုတဲ့ ၁၉၃၀ ကနေ ၁၉၈၀ အတွင်း နှစ် ၅၀ ကာလမှာ အမျိုးသမီးတွေ ပိုပြီးလည်း ပညာတတ်လာပါရဲ့ လုပ်သားထုအတွင်း အမျိုးသမီးပါဝင်အလုပ်လုပ်နှုန်းလည်း တိုးတက်လာပါရဲ့နဲ့ လိင်အခြေခံဝင်ငွေကွာဟချက်က ၁၉၃၀ က ကွာဟချက်အတိုင်း ဆက်လက်တည်တံ့နေပါတော့တယ်။

၁၉၃၀- ၁၉၈၀ အတွင်းက ဒီအချက်အလက်တွေကို အသုံးပြုပြီးတော့ပါပဲ၊ ၂၀ရာစုအတွင်း ဒီဝင်ငွေခွဲခြားဆက်ဆံခံရမှုဟာ ဝန်ဆောင်မှုကဏ္ဍ တိုးတက်လာသော်လည်း သိသိသာသာ ကျဆင်းသွားရမယ့်အစာ သိသိသာသာ မြင့်တက်လာပါတယ်။ ဒါဟာ ထုတ်လုပ်နိုင်စွမ်းကြောင့်လား၊ မဟုတ်ပါဘူး။ ပညာရေးကြောင့်လား၊ အသက်ကြောင့်လား၊ တစ်ခုမှ မဟုတ်ပါဘူး။ လိင်အခြေခံ ဝင်ငွေ ခွဲခြားဆက်ဆံရတာပါ။ (လိင်အခြေခံ လုပ်ခခွဲခြားဆက်ဆံရခြင်း - Pay Discrimination ကို မူရင်းဆောင်းပါးရှင်က ဒီနေရာမှာ အသေအချာ ကောက်ယူသုံးစွဲပါတယ်။) ဒီကာလမတိုင်ခင်မှာ အမျိုးသမီးတွေက ကုန်ထွက်အပေါ် မူတည်ပေးတဲ့ အလုပ်တွေကို လုပ်ကိုင်ကြတာပါ။ တိုက်ဆိုင်စစ်ဆေးလို့ ရတဲ့ အချက်တစ်ခု ရှိပါတယ်။ ၁၈၉၀ ကနေ ၁၉၄၀ ကာလ အတွင်း လုပ်ခ ကွာဟချက်က စက်မှုထုတ်လုပ်ရေးကဏ္ဍမှာ ၂၀ ရာခိုင်နှုန်းကနေ ၅၅ ရာခိုင်နှုန်းအထိ ဖြစ်လာပါတယ်။ ကုန်ထွက်အပေါ် မူတည်ပြီး ပေးတဲ့ အလုပ်အများအပြား မရှိတော့တာကြောင့် ဒီလို ရလဒ်ထွက်လာတာလို့ ကောက်ချက်ချနိုင်ပါတယ်။ ဒီနေရာမှာ ဂေါဒင် ထောက်ပြတာက အလုပ်ရှင်တွေဟာ သူတို့ဆီမှာ ကြာကြာ အလုပ်လုပ်နိုင်တဲ့သူတွေ၊ ခွင့်ရက်ရှည် နားရက်မယူမယ့် လူတွေကိုပဲ အလုပ်ခန့်ချင်ပါတယ်။ (မီးဖွားခွင့် ယူရမယ့် သို့မဟုတ် မီးဖွားခွင့် ယူနိုင်ခြေ အလားအလာ ရှိမယ့် အမျိုးသမီးတွေကို မခန့်ထားချင်ဘူးလို့ ဆိုလိုချင်ပုံ ရပါတယ်။) ဒါ့ကြောင့် ဒီနေရာမှာ ထပ်ပြီး ဂေါဒင် ကောက်ချက်ချပြန်ပါတယ်။ မျှော်မှန်းချက်များက အလုပ်သမားတွေဆီမှာပဲ အခန်းကဏ္ဍတစ်ခု အဖြစ် ရှိနေတာ မဟုတ်ဘဲ အလုပ်ရှင်ဆီမှာလည်း အလားတူ ရှိနေပါတယ်တဲ့။

Copyright © 2025. Economic Education Program, Inya Economics.

## မိဘဖြစ်ရခြင်း၏ သက်ရောက်မှု

လိုင်အခြေခံ ဝင်ငွေ ခွဲခြားတာမျိုး မရှိရဘူးလို့ ဥပဒေပြု ထိန်းကျောင်းထားတဲ့ ဝင်ငွေမြင့်မားတဲ့ နိုင်ငံတွေမှာတောင် လိင်အခြေခံ ဝင်ငွေကွာဟချက်က ၁၀ရာခိုင်နှုန်းကနေ ၂၀ရာခိုင်နှုန်းအထိ ရှိပါတယ်။ အမျိုးသမီးတွေက အမျိုးသားတွေထက် တိုင်းတာမှုအကြိမ်တော်တော်များများမှာ ပိုပညာတတ်တယ်လို့ သတ်မှတ်ထားပါတယ်။ ပိုပညာတတ်ပေမယ့် လစာတော့ ပိုနည်းမယ်ဆိုတဲ့ အနက် ထွက်နေပါတယ်။ ဘာကြောင့် ဒီလို ဖြစ်နေရတာပါလဲ။ ဂေါ်ဒင့် အဖြေက "မိဘဖြစ်ရခြင်း၏ သက်ရောက်မှု"ပါတဲ့။ မိဘဖြစ်ရတာချင်း အတူတူ၊ အဖေဖြစ်ရခြင်း၊ အမေဖြစ်ရခြင်း ကွာခြားမှု ကြီးမားနေပါတယ်။ ကလောက်ဒီယာဂေါ်ဒင်၊ မာရီယာနီဘက်ထရမ်နဲ့ လောရင့်ကတ်တို့ရဲ့ ၂၀၁၀ခု လေ့လာချက်အရ အမျိုးသမီးနဲ့ အမျိုးသားများ ဝင်ငွေကွာခြားမှုက အစပိုင်း သေးငယ်ပါတယ်၊ သို့သော် ပထမကလေး စရောက်လာပြီဆိုတာနဲ့ ဝင်ငွေလမ်းကြောင်းနှစ်ခု ပြောင်းလဲဖို့ စတင်လာပါတယ်။ ပညာရေး အတူတူ၊ အလုပ်အကိုင်အတူတူကို ဒီလို ဖြစ်ကြတာပါ။ အခြားနိုင်ငံများကို လေ့လာချက်တွေမှာလည်း ဂေါ်ဒင့် သုံးသပ်ချက်ကို ငြင်းပယ်နိုင်စွမ်း ရှိတဲ့ အခြားသုံးသပ်ချက် မတွေ့ရပါဘူး။ ဂေါ်ဒင့် သုံးသပ်ချက်က အမေရိကန်တစ်ခုတည်းအတွက်မဟုတ်ဘဲ အခြားနိုင်ငံတွေအတွက်ပါ မှန်ကန်နေပါပြီ။

## အနာဂတ်ကို မျှော်ကြည့်

မော်ကွန်းတိုက်ထဲက စာရွက်စာတမ်းတွေနဲ့ အသေအချာ လေ့လာစစ်ဆေးပြီး သမိုင်းအချက်အလက်တွေကို မှန်မှန်ကန်ကန် ပြုစုရင်း ဂေါ်ဒင်က အံ့သြဖွယ်အချက်အလက်သစ်တွေကို ရှာဖွေတင်ပြနိုင်ခဲ့ပါတယ်။ လုပ်သားဈေးကွက်အတွင်း အမျိုးသမီးတွေရဲ့ အခွင့်အလမ်းတွေကို သက်ရောက်စေတဲ့ အကြောင်းအရာတွေက ဘာတွေလဲ၊ သူတို့ရဲ့လုပ်အားတွေကို ဘယ်လောက်လိုအပ်/လိုလားနေပါသလဲ ဒီမေးခွန်းတွေအပေါ်မှာ ဂေါ်ဒင်က ပိုပြီး နက်နက်နဲနဲ နားလည်ခဲ့ပါတယ်။ အမျိုးသမီးတွေအတွက် အကန့်အသတ်တွေက လက်ထပ်ထိမ်းမြားတာ၊ အိမ်ထောင့်တာဝန်များနဲ့ မိသားစုတွေ ဖြစ်တယ်ဆိုတာ ဂေါ်ဒင့် အသေးစိတ်လေ့လာချက်တွေနဲ့ ရှင်းပြတဲ့ မိုဒယ်တွေမှာ အဓိကကျပါတယ်။

အမျိုးသားများနဲ့ အမျိုးသမီးများအကြား လုပ်သားဈေးကွက်အတွင်း ကွာခြားချက်များက သမိုင်းကြောင်းတလျှောက် ခေတ်ကာလ အခြေအနေအပေါ်လည်း မူတည်နေပြန်ပါတယ်။ မူဝါဒချမှတ်သူများက ဒါတွေကို သဘောပေါက်နားလည်ရပါမယ်။ ဒါတွေကို ထည့်သွင်းစဉ်းစားပြီး မူဝါဒပြုပါမှ မူဝါဒသက်ရောက်မှု အကျိုးအပြည့်အဝ ရမယ်လို့ ဆိုပါတယ်။ ဂေါ်ဒင့် လေ့လာမှုတွေကနေတဆင့် ကျနော်တို့ သင်ယူရတာက "ပြောင်းလဲမှုဆိုတာ အချိန်ယူတယ်"။ လူတစ်ယောက်ချင်းစီရဲ့ အလုပ်အကိုင်၊ အသက်မွေးဝမ်းကြောင်း တစ်ခုလုံးကို သက်ရောက်တာက မျှော်မှန်းချက်တွေ ဖြစ်နေပါတယ်။ နောင်တချိန်ချိန်မတော့ မှားတယ်လို့

Copyright © 2025. Economic Education Program, Inya Economics.

သက်သေပြမှု ပေါ်ထွက်ကောင်း ပေါ်ထွက်လာပါလိမ့်မယ်။ ဒါ့အပြင် ပိုပြီး စဉ်းစားစရာကောင်းတာ၊ ပညာရပ်ပိုင်း သံဝေဂရစရာရှိတာက ဂေါ်ဒင်တင်ပြတဲ့အချက်တွေကို ဂေါ်ဒင်မတင်ပြခင် ရှေ့က တင်ပြတာမျိုး မရှိပါဘူး။ အမေရိကန်ပြည်ထောင်စုနဲ့ အခြားဝင်ငွေမြင့်နိုင်ငံတွေရဲ့ နိုင်ငံတော်အဆင့် စာရင်းဇယားတွေကနေ ဂေါ်ဒင်လို မဖော်ထုတ်နိုင်ခဲ့ပါဘူး။ ဘောဂဗေဒပင်မရေစီးကြောင်းထဲက နည်းနာတွေအလွန်က ဘောဂဗေဒသမိုင်း နည်းနာတွေကိုပါ ဂေါ်ဒင်အသုံးပြုခဲ့လို့သာ တို့အများ သိရှိကြရပါတော့တယ်။ နိုင်ငံတော်အဆင့် စာရင်းဇယား တွေမှာ ပုန်းကွယ်နေတဲ့ လူမှုအုပ်စုတွေရဲ့ အပြုအမူပိုင်း ပြောင်းလဲမှုတွေကို စစ်ဆေးဖော်ထုတ်ဖို့ ဘောဂဗေဒ သမိုင်းနည်းနာတွေကို ကျွမ်းကျင်လိမ္မာစွာ ပေါင်းစပ်အသုံးပြုရမယ်ဆိုတာကို ဘောဂဗေဒပညာရှင် ကလောက်ဒီယာ ဂေါ်ဒင်က စံနမူနာ ပြသွားပါပြီ။

**"ဂေါ်ဒင်ရဲ့ သုတေသနတွေက အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးကို ချိတ်ဆက်ပြီး လုပ်သား ဈေးကွက်အပေါ် ပိုကောင်းတဲ့ နားလည်မှုရဖို့ ကြိုးစားအားထုတ်ခဲ့ပါတယ်"။**

---

၂၀၂၃ ခု ဘောဂဗေဒသိပ္ပံ နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ကမ္ဘာ့ပြည်သူများ သိလိုက သိစေရန် ရေးသားသော ဆောင်းပါးကို ဘောဂဗေဒလေ့လာသူများ ဗမာဘာသာဖြင့် ဖတ်ရှုလေ့လာနိုင်ရန် ဆီလျော်အောင် ဘာသာပြန်ဆို ထားပါသည်။ ဆောင်းပါး၏ အချို့နေရာများတွင် ရှင်းလင်းချက်များ ထည့်သွင်းပေးထားပါသည်။ ဖတ်ရှုရ အဆင်ပြေ စေရန် သီးခြားဖော်ပြချက်မျိုး အမှတ်အသား မပြုထားပါ။ (ကိုဉာဏ)

Copyright © 2025. Economic Education Program, Inya Economics.

# ဘောဂဗေဒ တော်လှန်ရေးတစ်ရပ် ထွက်ပေါ်လာခြင်း

**မောင်လူအေး**

ဈေးကွက် (Market) မှာ ခေတ်သစ်လူ့အဖွဲ့အစည်း၏ တီထွင်မှုသက်သက်တော့ မဟုတ်ချေ။ အီဂျစ်မြို့ဟောင်းတွင် အာမနကျောက်စာများ တူးဖော်ရရှိရာ ဘီစီ ၁၄၀၀ ဝန်းကျင်တွင် ဖာရိုဘုရင် များနှင့် ဥရောပလီဗန်တိုင်းဘုရင်တို့အကြား ရွှေ၊ ကျေးကျွန်၊ မြင်းနှင့် စစ်လက်နက် ကုန်သွယ်ရေး အကြီးအကျယ် ထွန်းကားခဲ့ပုံကို တွေ့နိုင်ပေသည်။ သို့သော် ကုန်ဖလှယ်သည့် ဓလေ့မှာ ရှေးကျ သလောက် အမြတ်အစွန်းအတွက် ထုတ်လုပ်ခြင်း၊ ငွေကြေးကို ကြားခံအဖြစ် သုံးစွဲခြင်း၊ ဈေးဆစ် ခြင်း စသည်တို့မှာ ခေတ်သစ်လူ့အဖွဲ့အစည်း ရောက်မှသာ တွင်ကျယ်လာခြင်း ဖြစ်သည်။ ဥပမာ - နယူးဇီလန်ပြည်ရှိ မော်ရီ လူမျိုးနွယ်များအား ငါးမျှားချိတ်တစ်ခု ငွေမည်မျှကျမည်နည်းဟု မေးလျှင် ရယ်ပွဲဖွဲ့ ခြင်းသာခံရပေမည်။ မော်ရီ လူမျိုးများမှာ ငွေကြေးအစား အစားအစာ၊ အသားငါးများကိုသာ ကုန်ဖလှယ်မှု ကြားခံပစ္စည်း အဖြစ်သုံးကြရာ ငါးမျှားချိတ်တန်ဖိုးကို ငွေအဖြစ် မတိုင်းတာနိုင် ကြပေ။ ကမ္ဘာတစ်ဖက်ခြမ်းတွင် အမျိုးသမီး များအား ကြားခံပစ္စည်းတစ်ခုသဖွယ် အသုံးပြုကြသော အာဖရိက လူမျိုးနွယ်စုများတွင် နွားထီးတစ်ကောင် မိန်းမ မည်မျှတန်သနည်းဟု မေးလျှင် တန်ဖိုးကို အတိအကျ ဖြေကြပေမည်။ သို့သော် ဤသို့ မဖွံ့ဖြိုးသော လူ့အဖွဲ့အစည်းများတွင် ကုန်စည်ချင်း မြေဝိုင်းများတွင်လည်းကောင်း၊ ခရီးသွား လှည့်လည်၍ လည်းကောင်း ဖလှယ်သည့် ဓလေ့ကို ဈေးကွက်စနစ်ဟု ခေါ်ဆို၍ မရသေးချေ။ **ဈေးကွက်စနစ်မှာ ကုန်စည်ချင်းဖလှယ်မှုကို ကျော်လွန်၍ လူ့အဖွဲ့အစည်းတစ်ရပ် ပုံမှန်လည်ပတ်နိုင်ရန် ကျားကန်ပေးသော ထောက်တိုင်တစ်ရပ် ဖြစ်သည်။**

အလယ်ခေတ်တွင် ထိုဈေးကွက်စနစ်မှာ ကျောင်းတော်၏ ဖိနှိပ်မှုအောက်တွင် မတွင်ကျယ်ခဲ့ချေ။ ထို့အပြင် ၁၇ ရာစု ၁၈ ရာစု တောက်လျှောက် ပရိုတက်စတင့် တော်လှန်ရေးနှင့် ရီနေးဆန့်ကာလများတွင် ဘာသာရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှု ပြုပြင်ရေးများ အထိုက်အလျောက် ရှိခဲ့သည့်အလျောက် စီးပွားရေးတွင်မူ များစွာ တိုးတက်မှုမရှိခဲ့ပေ။ ကုန်ထုတ်လုပ်မှု သွင်းအားစုများဖြစ်သော မြေ၊ လုပ်အားနှင့် အရင်းတို့မှာ မြေယာ၊ လူသား၊ ကုန်ထုတ်ကိရိယာများအဖြစ် လူ့အဖွဲ့အစည်းအတွင်း မကွဲမကွာ ရှိခဲ့သော်ငြား စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်ရန် တွက်ချက် အသုံးချနိုင်သော သွင်းအားစု များအဖြစ် လူအများစုက မမြင်ခဲ့ကြပေ။ ဥပမာ မြေယာ ဆိုပါစို့။ ၁၄

Copyright © 2025. Economic Education Program, Inya Economics.

ရာစု၊ ၁၅ ရာစုအထိ မြေယာများကို ရောင်းခြင်း၊ ဝယ်ခြင်း၊ အမြတ်အစွန်းအတွက် ငှားရမ်းခြင်း စသော အလေ့အကျင့်များမှာ မတွင်ကျယ်ခဲ့ပေ။ မြေယာအများစုမှာ ဘုရင်က မြှောက်စားထားသော ရာထူး ရာခံများကသာ ပိုင်ဆိုင်ခွင့်ရှိပြီး ယင်း မြို့စား၊ နယ်စား၊ မြေပိုင်၊ ယာပိုင်များကလည်း ထိုမြေများကို ထင်သလို စီမံခန့် ခွဲ၍ မရပေ။ ကံကျွေးချစနစ်တွင် မြေယာမှာ စီးပွားရေး၊ စစ်ရေး၊ တရားစီရင်အုပ်ချုပ်ရေး မှသည် နေ့စဉ် လူမှု ဘဝအထိ အခြေခံအုတ်မြစ်ဖြစ်ရာ ဘုရင်က ချီးမြှင့်ထားရုံမျှဖြင့် မြို့စား၊ နယ်စား များမှာ မိမိတို့ စိတ်တိုင်းကျ စီမံ၍မရပေ။ ထိုနည်းတူစွာ လုပ်အား အတွက် ဈေးကွက်မှာလည်း ခေတ်သစ် လုပ်အားဈေးကွက်ကဲ့သို့ အလုပ်သမားက မိမိ၏ အလုပ်ကျွမ်းကျင်မှုအား ဈေးအများဆုံး ပေးနိုင်သော အလုပ်ရှင်များထံ ရောင်းချရသော စနစ်မျိုးမဟုတ်ပေ။ ခေတ်ဟောင်း၏ လုပ်အား စုဆောင်းမှုစနစ်မှာ ကျေးကျွန်များ၊ သခင့်အိမ်တွင် နှစ်ကာလရှည် အလုပ်အကျွေးပြုရင်း ပညာဆည်းပူးရသော အလုပ်သင်များ၊ နယ်လှည့်လည်၍ အလုပ်လုပ်ကြသော ကျပန်း အလုပ်သမားများ စသည်ဖြင့် အုတ်ရောရောရော ကျောက်ရောရော စနစ် တစ်ခုသာ ဖြစ်သည်။ လုပ်အားကို ခေတ်သစ်ကဲ့သို့ ဈေးကွက်အတွင်း တန်ရာတန်ကြေး ဈေးဖြင့် ဖလှယ်သည့် စနစ်မဟုတ်ချေ။ ကျေးလက် ဒေသများတွင် ကျေးကျွန်အမှုထမ်းများသည် မြေရှင်သခင်ကြီးများ ပိုင်ဆိုင်သော မြေယာများကို ထိန်းသိမ်း စောင့်ရှောက်ရ၏။ သခင်များ၏ အိမ်တော်များတွင် မှီခိုနေထိုင်ရ၏၊ သခင်များ၏ မီးဖိုချောင်သို့ ဝင်ရောက်ကာ အလုပ်အကျွေးပြုရ၏၊ ဘုရင်၏ စေခိုင်းချက်အရ ၎င်းသခင်များ စစ်ထွက်ရလျှင်လည်း သခင်၏ အပါး၌ လိုက်ပါ၍ စစ်ချီရ၏။ သို့သော် ဤသို့ အလုပ်အကျွေးပြုခြင်းကိုပင် ကျေးကျွန်တို့၏ တာဝန်ဝတ္တရားဟု မှတ်ယူကာ တန်ရာတန်ရာ လုပ်အားခကို ပေးဆိုရန် ငြင်းဆန်ခဲ့ကြသည်။ အလုပ်သင်များအတွက်လည်း လုပ်အားခ၊ အလုပ်သင် အရေအတွက်၊ အလုပ်ချိန်၊ အလုပ်သင်ကာလ၊ အလုပ်လုပ်ရာတွင်အသုံးပြုသော ကိရိယာ စသည်တို့အား အလုပ်ရှင်* ကသာ သတ်မှတ်လေသည်။ အလယ်ခေတ်တလျှောက်လုံးတွင် အလုပ်ရှင် နှင့် အလုပ်သမား ကြား မှာ ရံဖန်ရံခါ သည်းမခံနိုင်သည့်အဆုံး အကြမ်းဖက်ဆန္ဒပြမှုများမှအပ ကာလအများစု တွင် အလုပ်သမားများမှာ မိမိ၏ လုပ်အားအတွက် ထိုက်တန်သည့် အခကြေးငွေအား တောင်းခံနိုင်စွမ်းမရှိပေ။

နောက်ဆုံး ကုန်ထုတ်သွင်းအားစုဖြစ်သည့် အရင်းတွင်လည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ အရင်းမှာ အရင်းရှင်စနစ်မထွန်းကားသေးသည့် ကာလတွင်ပင် ပုဂ္ဂလိကပိုင်ဆိုင်မှုတစ်ရပ် (ဓနဥစ္စာ) အနေနှင့် တည်ရှိနေပြီ ဖြစ်သည်။ သို့သော် သူဌေးသူကြွယ်များမှာ ထိုအရင်းအား သုံးစွဲ၍ စီးပွားရေးချဲ့ထွင်ရန် မစွန့်စားခဲ့ပေ။ အရင်းအား အထိုက်အလျောက် သုံးစွဲရာတွင်လည်း အထိရောက်ဆုံးနည်းလမ်းအစား လုပ်အား အများအပြားနှင့် အချိန် ကာလ ကြာညောင်းစေမည့် နည်းလမ်းများကိုသာ နှစ်ပေါင်းများစွာ ရွေးချယ်ခဲ့သည်။ အလုပ်ရှင် အသင်းများက ရောင်းကုန်များကို ကြော်ငြာခြင်း၊ သတ်မှတ်ထားသော အရည်အသွေးထက် သာလွန်သော ကုန်စည်များကို ထုတ်လုပ်ခြင်း၊ ဈေးလျှော့ရောင်းခြင်း စသည်တို့အား အပြင်းအထန် တားမြစ်လေသည်။ ၁၆ ရာစုတွင် အင်္ဂလန်ပြည်၏ အဓိကပို့ကုန်လုပ်ငန်းဖြစ်သော အထည်လုပ်ငန်းကို ဝမ်းဒါး အမည်ရှိသော စက်ရုံ အသစ်မှာ ရက်ကန်းစင် နှစ်ရာနှင့် သာမန်လူများကပါ ဝင်ရောက်လုပ်ကိုင်နိုင်သော ထုတ်လုပ်မှု နည်းလမ်း အသစ်ဖြင့်

Copyright © 2025. Economic Education Program, Inya Economics.

အောင်မြင်စွာ ထိုးဖောက်ဝင်ရောက်လာရာ တည်ဆဲ အထည်အလုပ်ရှင်များအသင်းက ဘုရင်ကို တိုင်ကြားသဖြင့် မင်းမိန့်ဖြင့် ထိုစက်ရုံကို ပိတ်သိမ်းခဲ့လေသည်။ ခေတ်ဟောင်း တလျှောက်တွင် ဤသို့ အကုန်အကျ သက်သာ၍ အရင်းကို ထိထိရောက်ရောက်အသုံးချနိုင်သော အခွင့်အလမ်း အများစုကို လူနည်းစု၏ ကိုယ်ကျိုးမျှော်မှုကြောင့် ဆုံးရှုံးခဲ့ရလေသည်။

ကုန်ထုတ်သွင်းအားစုများဖြစ်သော အရင်း၊ လုပ်အားနှင့် မြေယာများကို လွတ်လွတ်လပ်လပ် အသုံးမချနိုင်ရာ အလယ်ခေတ်တွင် ဈေးပွဲတော်များ ပေါ်ထွန်းခဲ့သည့်အလျောက် **လူတိုင်းပါဝင်နိုင်သော ဈေးကွက်စနစ်** ပေါ်ပေါက်ရန် အခွင့်အလမ်းနည်းခဲ့လေသည်။ ဈေးကွက်မရှိသောအခါ ထုတ်လုပ်မှုနည်းနာများမှာ အရင်းကို ပိုင်သော မြေရှင်တို့၏ ညွှန်ကြားမှုအတိုင်း အလျဉ်းသင့်သလို စီမံဆောင်ရွက်ခဲ့ရသည်။ အဒမ်စမစ်သာ ၁၄ ရာစုဝန်းကျင်တွင် လူဖြစ်ခဲ့လျှင် ဈေးကွက်စနစ်အတွက် စီးပွားရေးသီအိုရီအသစ် တစ်ရပ်ကို ဖော်ထုတ်ချင်မှ ဖော်ထုတ် ပေမည်။ အလယ်ခေတ် စီးပွားရေးမှာ နားလည်ရခက်လောက်အောင် ရှုပ်ထွေးမှုမရှိ၊ လုပ်ငန်းရှင်အသင်းများ ဘုရင်နှင့် ပုလဲနံပသင့်နေသောကာလတွင် တမူထူးခြားသော ထုတ်လုပ်မှု နည်းနာများကို စွန့်စားလုပ်ကိုင်ရန် မက်လုံးမရှိခဲ့ပေ၊ အခန့်မသင့်လျှင် ဘုရင် (သို့) ကျောင်းတော်၏ အမြတ်ရှုမှုကို အလျော်အစား ကြီးကြီးဖြင့် ခံစားသွားရမည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းများမှာ ရှေ့ဆက် မတိုးတက်နိုင်ပဲ နှစ်ပေါင်းများစွာ အီလည်လည်နှင့် တန့်ခံနေခဲ့သည်။ အလယ်ခေတ်တွင် နိုင်ငံရေး၊ ဘာသာရေးနှင့် ပတ်သက်၍ အတွေးအခေါ် ပိုင်းအရ တိုးတက်မှုများ ရှိသင့်သလောက် ရှိခဲ့သော်လည်း ဘောဂဗေဒနှင့် စပ်လျဉ်း၍ သီအိုရီပိုင်းအရ တိုးတက်ထွန်းကားမှုမရှိခဲ့ပေ။

နှစ်ပေါင်းများစွာ ကျောင်းတော်၊ ဘုရင်နှင့် အလုပ်ရှင်အသင်းများက အောင်မြင်စွာ ထိန်းချုပ်ထားနိုင်ခဲ့သော တည်ငြိမ်နေသည့် လူ့အဖွဲ့အစည်းမှာ ၁၈ ရာစုသို့ရောက်သောအခါတွင် သမိုင်းတစ်လျှောက် မကြုံစဖူးသော ကုန်သွယ်ရေး ထွန်းကားမှုများနှင့် ကြုံတွေ့ရပြီး နောက်ပြန်မလှည့်စတမ်း ပြောင်းလဲသွားခဲ့လေသည်။ သို့သော် အနှီပြောင်းလဲမှုမှာ ငြိမ်းချမ်းသော ပြောင်းလဲမှုမျိုးမဟုတ်၊ လူအများစုအား ပိုမို ဒုက္ခပင်လယ်ဝေ စေ မည့် ပြောင်းလဲမှုမျိုး၊ တနည်း သွေးထွက်သံယိုများခဲ့သော တော်လှန်ရေးကြီး တစ်ရပ်ကဲ့သို့ ဟုဆိုနိုင်၏။ မြေ ယာကို ခင်တွယ်သော ကံကြွေးချစနစ်မှာ အမြစ်မှ လှန်ခံရပြီး မြေယာ တို့ကို စီးပွားတွက် ထွက်၍ စတင်ရောင်းချကြသည်။ မြေရှင်များနှင့် အလုပ်သမားများအကြား ဒေါင်လိုက်ဆက်ဆံရေးမှာ ပြိုကျ၍ လုပ်အား နှင့် လုပ်အားခ ဖလှယ်သော စနစ်တစ်ရပ် ပေါ်ပေါက်လာသည်။ အလုပ်သင်များ၊ ကျေးကျွန်များမှာ အလုပ်ရှင်၊ သခင်တို့၏ အရိပ်အာဝါသတွင် မှီခိုနေရာမှ စက်ရုံများတွင် ချွေးနှင့်သွေးကို ရောင်းစားရသော ပစ္စည်းမဲ့လူတန်းစား (proletariat) ဘဝသို့ နေ့ချင်းညချင်း သွတ်သွင်းခံလိုက်ရသည်။ အလုပ်ရှင်အသင်းတို့၏ ဩဇာ မှာ အသစ် ပေါ်ထွက်လာသော အရင်းရှင်လူတန်းစား၏ လောင်းရိပ်တွင် တဖြေးဖြေး မှေးမှိန်လာလေသည်။ အရင်းရှင်အနည်းငယ်မှအပ ဤသို့သော လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ကဏ္ဍစုံ စီးပွားရေးဆန်လာမှုကို ကျန်

လူတန်းစား အားလုံးက အပြင်းအထန် ခုခံခဲ့ကြသည်။ ထိုသို့ ခုခံမှုမှာ မည်မျှပြင်းထန်ကြောင်း သမိုင်းက သက်သေထူခဲ့လေသည်။

**ပြင်သစ်ပြည်၊ ခုနှစ်ကား ၁၆၆၆**

ပြင်သစ် အရင်းရှင်များမှာ ဈေးကွက်ကျယ်ပြန့်လာသည့်အလျောက် ထုတ်လုပ်မှု နည်းနာများအား ပြန်လည် ဆန်းစစ်ရန် လိုအပ်ချက်မှာ တစ်နေ့တစ်ခြား ကြီးမားလာသည်။ တစ်နေ့သော် အထည်လုပ်ငန်းကို လုပ်ကိုင် နေသည့် လုပ်ငန်းရှင်* တစ်ဦးက စွန့်ဦးတီထွင်ထားသော ထုတ်လုပ်မှုနည်းနာသစ်တစ်ရပ်ကို သုံးစွဲရန် တင်ပြ လာရာ ကျန်လုပ်ငန်းရှင်များက အပြင်းအထန် ကန့်ကွက်လေသည်။ နောက်ဆုံးတွင် အလုပ်ရှင်အသင်းရှိ သက် တမ်းအရင့်ဆုံး အထည်ကုန်သည်လေးဦးနှင့် အလုပ်ရှင်လေးဦး ပါဝင်သော ကော်မတီက ဆုံးဖြတ်ပေးလိုက် လေသည်။ ဆုံးဖြတ်ချက်မှာ "အလုပ်ရှင်တစ်ဦးက မိမိ စွန့်ဦးတီထွင်ထားသောနည်းဖြင့် အထည်ရက်လုပ် လိုက ရက်လုပ်နိုင်သည်။ သို့သော် ရက်ကန်းစက်အား အသုံးပြု၍ ရက်လုပ်ခြင်းမပြုရ၊ နည်းလမ်းသစ် ဖြင့် မရက်လုပ်မီ သုံးစွဲမည့် ချည်မျှင် အရည်အတွက်နှင့် အလျားကို မြို့၏ တရားရုံးသို့ စာရင်းပေး၍ ခွင့်ပြုချက် ရပြီးမှသာလျှင် ထုတ်လုပ်နိုင်သည်" ဟူသတည်း။ ထုတ်လုပ်နည်းနာသစ်များအား ပြိုင်ဖက် အလုပ်ရှင်များ က စတင်ကန့်ကွက် လေသည်။

အထည်လုပ်ငန်းပြဿနာ ပြေလည်၍ များမကြာခင် ပြဿနာအသစ်တစ်ရပ် ပေါ်လာပြန်သည်။ အထည်ချုပ် သမားများမှာ သစ်သား အစား ပို၍သက်သာ လွယ်ကူသော ပိတ်စကို အသုံးပြု၍ ကြယ်သီးပြုလုပ်နေကြရာ ကြယ်သီးအသင်းရုံက အကြီးအကျယ် မခံမရပ်နိုင်ဖြစ်ကာ အစိုးရကို တိုင်လေသည်။ ထိုသို့ စည်းကမ်း ဖောက်ဖျက်သော အထည်ချုပ်ရုံ များကို ဖျက်သိမ်းရမည်၊ ပိတ်သားကြယ်သီးဝတ်ထားသည်ကို တွေ့လျှင် ဖမ်းရမည်၊ သံသယရှိလျှင် အိမ်များ အတွင်း ဝင်ရောက်ရှာဖွေကာ ဗီရိုအတွင်း တွေ့လျှင် ဒဏ်ငွေရိုက်ရမည် စသည်ဖြင့် အစိုးရအား တောင်းဆို လေသည်။ အစိုးရက အဆိုပါ တီထွင်မှုမှာ အတည်တကျရှိနေပြီဖြစ်သော ကြယ်သီးလုပ်ငန်းအား မတည် မငြိမ်ဖြစ်စေသည်ဟူသော အကြောင်းပြချက်ဖြင့် ပိတ်စကို စတင်အသုံး ပြုသော အထည်ချုပ်ရုံများအား ဒဏ်ငွေသာရိုက်သဖြင့် ကြယ်သီးအသင်းရုံမှာ အမှုကို မချင့်မရဲဖြင့် ကျေအေးပေး လိုက်သည်။

---

(**guild*** - အလယ်ခေတ်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းတစ်ခုအား ရောင်းဈေး၊ ရောင်းကုန် အရည်အတွက် မှသည် လုပ်ငန်း၏ ထုတ်လုပ်မှု နည်းနာမှ အစ စည်းမျဉ်းများ ထုတ်ပြန်၍ လက်ဝါးကြီးအုပ်ရန် ရည်ရွယ်ချက် ဖြင့် ထူထောင် ထားသော အလုပ်ရှင် (သို့) လုပ်ငန်းရှင်များ အစည်းအရုံး၊ သို့မဟုတ် ယင်း စည်းမျဉ်းများကို လိုက်နာ စောင့်ထိန်း သော တပိုင်တနိုင် လုပ်ငန်းငယ်ကလေးကို ပိုင်သည့် အသင်းဝင်)

Copyright © 2025. Economic Education Program, Inya Economics.



အထည်လုပ်ငန်းအသင်းဝင်များ တိုင်ပင်နေကြပုံ (Painting – *De staalmeesters* by Rembrandt)

စွန့်ဦးတီထွင်သော ထုတ်လုပ်မှုနည်းနာသစ်များကို ကန့်ကွက်သည်မှာ အလုပ်ရှင်အသင်းများ သက်သက်တော့ မဟုတ်ခဲ့ပေ။ ဘုရင်နှင့်နီးစပ်သော အပြောင်းအလဲကို မလိုလားသည့် အရင်းရှင်ကုန်သည်များကလည်း မင်း၊ အစိုးရတို့အား လာဘ်လာဘများ ပေးကာ မိမိအကျိုးစီးပွားကိုထိခိုက်မည့် တိုးတက်မှုမှန်သမျှကို ဖျက်စီးခဲ့ သည်။ ၁၆၂၃ တွင် အင်္ဂလန်ပြည်၌ ပညာသည်တစ်ဦးက အလွန် ခေတ်ရှေ့ပြေးသည့် အထည်ချုပ်စက်တစ်ခု ကို တီထွင်၍ ရုံးတော်ထံ မူပိုင်ခွင့် တောင်းသည်။ ရုံးတော်က မဆုံးဖြတ်ဝံ့သဖြင့် ဘုရင့်အတိုင်ပင်ခံ ကောင်စီ ထံရောက်လာရာ မူပိုင်ခွင့် မရရုံသာမက အထည်လုပ်ငန်းကို ကမောက်ကမဖြစ်စေသည်ဟုဆိုကာ အဆိုပါ တီထွင်မှုကို ဖျက်စီးပိတ်ပင်လေသည်။ ပြင်သစ် အထည်လုပ်ငန်းတွင်လည်း အလားတူ ဖြစ်ရပ်မျိုးတွေ့ရ သည်။ ပြည်ပမှတင်သွင်းသော ဆေးဆိုးပန်းရိုက်ထားပြီးသား သရက်ထည်များမှာ ပြင်သစ်ပြည်သူ ပြည်သား များအကြား အလွန် ခေတ်စားလာရာ ပြည်တွင်း ရက်ကန်းရုံများကို ပိုင်သော အရင်းရှင်များမှာ ဘုရင်အား အပူကပ်၍ ကြီးလေးသော ပြစ်ဒဏ်များကို ချမှတ် ခိုင်းလေသည်။ သရက်ထည် တင်သွင်းသူများကို သေဒဏ် ချမှတ်ရာ များမကြာမီ လူတစ်သောင်းခြောက်ထောင်ခန့် ကွပ်မျက်ခံရသည်။ တခါသော် ဗဲလ်လင့်စ်မြို့ရှိ တရားရုံတစ်ခုတွင် သရက်ထည်တင်သွင်းသူများကို စုပေါင်းစီရင်ချက်ချရာ ၇၇ ဦးကို ကြိုးပေးကာ ၅၈ ဦးကို ကက်သရင်းဘီးတွင် သေဒဏ်စီရင်သည်။ ၆၃၁ ဦးမှာ ထောင်သွင်းအကျဉ်းချခံရ၍ ကံထူးသော လူတစ်ဦး သာ အမှုမှ ကွင်းလုံးကျွတ်လွတ်လေသည်။ အရင်းရှင်များ ကုန်သည်များက ဤသို့ အာဏာပိုင်များနှင့် ပေါင်း၍ ကုန်

Copyright © 2025. Economic Education Program, Inya Economics.

ထုတ်လုပ်မှုအား လက်ဝါးကြီးအုပ်နေချိန် တစ်ဖက်တွင် အလုပ်သမားများမှာ မကြုံစဖူးသော ဒုက္ခ ဆင်းရဲ နှင့် ကြုံရလေသည်။

ဆယ့်ခြောက်ရာစုအကုန် ဗြိတိသျှအင်ပါယာ စတင်နယ်ချဲ့နေချိန် အဲလီဇဘက်ဘုရင်မကြီးက ကျေးလက်ဒေသများထံ တိုင်းခန်းလှည့်လှည်လေသည်။ နန်းတော်သို့ ပြန်ရောက်ချိန်တွင် စိတ်မသက်မသာ စွာဖြင့် ကျေးရွာများတွင် သူဖုန်းစားများ လက်ညိုးထိုးမလွဲ တွေ့နေရပုံကို ညည်းညူသည်။ လွန်ခဲ့သော ဆယ်စုနှစ် အနည်းငယ်က မြေရှင်များနှင့် ပြေလည်၍ မြေယာကို သီးစားငှားရမ်း၍ လည်းကောင်း၊ မြေလွတ်မြေရိုင်းများကို ပြုပြင်၍ လည်းကောင်း ဘဝကို ငြိမ်းငြိမ်း ချမ်းချမ်း ဖြတ်သန်းနေသော အင်္ဂလန်ပြည် ၏ပြယုဒ်ဟု ဆိုရမည့် ကျေးလက်ဒေသကလေးသည် နေ့ချင်းညချင်း သူဖုန်းစားများနှင့် ပြည့်နှက်ကာ ကျီးနှင့် ဖုတ်ဖုတ်သာ ကျန်လေသည်။ ဘုရင်မကြီး တအံ့တဩ ညည်းညူသည်မှာ အပြစ်ဆိုစရာမရှိ။ ဆယ့်ခြောက် ရာစု တစ်ဝက် မှစ၍ အင်္ဂလန် ကျေးလက်၌ ဖြစ်ပွားခဲ့သော ခြံခတ်လှုပ်ရှားမှု (Enclosure Movement) ကို အဲလီဇဘက်ဘုရင်မကြီး သိဟန်မတူချေ။

ဖြစ်ပုံမှာ အထည်လုပ်ငန်း ကျယ်ပြန့်လာသည့် အလျောက် သိုးမွေးမှာ အလွန် အမြတ်ရသော အဖိုးတန် ပို့ကုန်ဖြစ်လာသည်။ သိုးမွေးကုန်သည်များမှာ ကျေးလက်ရှိ မြေရှင်များထံမှ မြေဧက အများအပြားကို ငှားရမ်းကာ စားကျက်မြေအဖြစ် အသုံးပြုကြသည်။ သိုးမွေးဈေးမှာ အလွန်ကောင်းသောကြောင့် ထို မြေငှားခမှာလည်း ဈေးကောင်းလာရာ မြေရှင်တို့မှာ မိမိတို့ ဘိုးဘွားပိုင်မြေများကိုသာမက အများသူငှာ ဆင်းရဲသားများ တပိုင်တနိုင် လွတ်လွတ်လပ်လပ် လုပ်ကိုင်စားသောက်နိုင်သော အများပိုင်မြေများကိုပါ အင်အားသုံး  ခြံခတ် ၍ လည်းကောင်း၊ သစ်ပင်၊ ကျောက်တုံးတို့နှင့် ကြိုကြားကြိုကြား အမှတ်သားပြု၍ လည်းကောင်း သူ့ပိုင်မြေ၊ ငါ့ပိုင်မြေဟု စတင် ပိုင်းခြားသည်။ ဤနည်းဖြင့် သာမန်လူများ ကျွဲကျောင်း၊ နွားကျောင်း၊ တပိုင်တနိုင် စိုက်ပျိုး မွေးမြူနိုင်သော မြေလွတ်မြေရိုင်းများမှာ နေ့ချင်းညချင်းပင် ပုဂ္ဂလိကပိုင်မြေများ ဖြစ်သွားလေသည်။ ယခင် က ကျွဲကျောင်းသား၊ နွားကျောင်းသားများ ခြေချင်းလိမ်နိုင်ခဲ့သော မြေယာများတွင် သိုးအုပ်ကြီးများ ရောက်လာ၏။  ဆင်းရဲသားများကား နူရာဝဲစွဲ လဲရာသူခိုးထောင်းဆိုသလို  အသက်မွေးဝမ်းကြောင်းအတွက် အလုပ် လုပ်ကိုင်စရာ မြေမရှိတော့သဖြင့် သူဖုန်းစားဘဝသို့ ရောက်ရလေ၏။ ထိုခေတ် ကဗျာဆရာတစ်ဦးက အငတ် ဘေးဒုက္ခ အားလုံး၏ တရားခံ၊ ကျေးလက်၏အလှကို ဖျက်ဆီးသောတရားခံမှာ အနီအရုပ်ဆိုးသော သိုးများ ဖြစ်သည်ဟု ခနဲ့ခနဲ့ ကဗျာဖွဲ့၏။ ခြံခတ်လှုပ်ရှားမှုကို ဆင်းရဲသားများက အသာတကြည် ခွင့်ပြုခဲ့သည် တော့ မဟုတ်ချေ။ ဆယ့်ခြောက်ရာစု အလယ်မှစ၍ အခွင့်အခါကြုံသည်တိုင်း မြေရှင်များအား ပုန်ကန်ထကြွခဲ့ရာ တခါသော် လူပေါင်း သုံးထောင့်ငါးရာခန့်အထိ အသက်ဆုံးရှုံးခဲ့ဖူးလေသည်။ မြေရှင်များ မိမိတို့ ပိုင်မြေများကို မဟားတရားချဲ့ထွင်သော ထိုခြံခတ်လှုပ်ရှားမှုမှာ ၁၆ ရာစု အလယ်မှသည် ၁၈ ရာစု အလယ်အထိ နှစ်ပေါင်း နှစ်ရာတိုင်တိုင် ကြာမြင့်သော သွေးထွက်သံယိုများခဲ့သည့် လှုပ်ရှားမှုကြီး ဖြစ်သည်။ ရလဒ်ကား အင်္ဂလန်ပြည်တွင်

ကောရာဇ်နှင့် နီးစပ်သော နယ်စား၊ မြို့စားများမှာ နိုင်ငံ၏ မြေအများအပြားကို ပိုင်ကာ ဆင်းရဲချမ်းသာ ကွာဟ မှုမှာ အလွန်ကြီးမားလာ၏။ ကမ္ဘာတစ်ဖက်ခြမ်းတွင် အမေရိကန် တော်လှန်ရေးမှ သမ္မတနိုင်ငံ အသစ် တစ်ရပ် ထွန်းကားပြီး အနှစ်ငါးဆယ်အကြာ ၁၈၂၀ တွင် ဆန်းဒါးလန်းမြို့စားကြီးမှာ ၎င်းပိုင် မြေဧက (၇၉၄၀၀၀) မှ သူရင်းငှား တစ်သောင်းခွဲထံ ငှားထားသော မြေများကို ပြန်သိမ်းကာ သိုး အကောင်ရေ တစ်သိန်းသုံးသောင်း တစ်ထောင် အတွက် စားကျက်မြေအဖြစ် ပြောင်းလဲလိုက်သည်။ နေ့ချင်း ညချင်း အလုပ်လက်မဲ့ဖြစ်သွားသော မိသားစုပေါင်း များစွာအတွက် ချွေးသိပ်သည့်အနေဖြင့် တစ်အိမ်ထောင် လျှင် မြေရိုင်းမြေညံ့ နှစ်ဧကကို စျေးပေါပေါနှင့် ငှားပေးသည်။ သို့ရာတွင် ထို လယ် ၂ ဧကတွင် မည်သည့် သီးပင်စားပင်မှ မဖြစ်ထွန်းရာ လယ်သမားမိသားစုများမှာ ဒုက္ခ ပင်လယ် ဝေရလေသည်။

အများပိုင် မြေများ တနေ့တခြား နည်းပါးလာသည့်အလျောက် လယ်သမားများ လုပ်စရာ လယ်များမှာ ရှားပါး လာ၏။ မြို့ပြရှိစက်ရုံကြီးများသို့ သွားရောက် လုပ်ကိုင်ရန် လက်လှမ်းမမှီသော လယ်သမားအများစုမှာ မကြာမီမှာပင် လယ်သမားအဖြစ်မှသည် ပစ္စည်းမဲ့လူမွဲများ၊ သူဖုန်းစားများ၊ သူခိုး ဓားပြများ အဖြစ်သို့ ရောက်ရတော့၏။ လူမွဲများနှင့် သူဖုန်းစားဝါဒ ကျယ်ပြန့်လာရာ အင်္ဂလိပ်ပါလီမန်တွင် အပြင်းအထန် ဆွေးနွေး အဖြေရှာရသည်။ ရလာသော အဖြေမှာ လူမွဲများအား ဒေသန္တရ ဘုန်းတော်ကြီးအသင်းများ၏ အုပ်ချုပ်မှု အောက်တွင် ထားရှိကာ ဘုရားကျောင်း ရန်ပုံငွေများမှ အနည်းငယ်မျှသော မသဒ္ဒါရေစာ ပေးကမ်းခြင်းဖြင့် မသေရုံမျှ ထားရှိရန်ဖြစ်သည်။ ဘုရားကျောင်း စည်းကမ်းများကို မလိုက်နာသော လူမွဲများကို အပြစ် အကြီး အသေးလိုက် ကြိမ်ဒဏ်ပေးခြင်း၊ သံပူကပ်ခြင်း၊ ခြေလက်များအား ဖြတ်တောက်ခြင်းတို့ဖြင့် ငြိမ်ဝပ်ပိပြား အောင် ဆောင်ရွက်ကြလေသည်။ ဤသို့ ခုတ်ရာတခြား ရှရာတလွဲ အဖြေမျိုးနှင့် ဖြေရှင်းသည်မှာ အင်္ဂလိပ် အုပ်ချုပ်သူလူတန်းစားမှာ အကြင်နာတရားခေါင်းပါးသည်ထက် စျေးကွက်အတွင်း လုပ်အားကို နှစ်ဦးနှစ်ဖက် အကျိုး ထွန်းကားအောင် ရွှေ့ပြောင်းအသုံးချနိုင်ကြောင်း မသိရှိခြင်းကြောင့်ဖြစ်သည်။ လုပ်အားကို စီးပွားရေး အတွက် အသုံးချခြင်းကို သံသယမျက်လုံးများဖြင့် အကြောက်အကန် ငြင်းဆန်၍ ဆင်းရဲမှုပြဿနာကို အင်အားဖြင့် ဖြေရှင်းခဲ့၏။

မြေယာ၊ လုပ်အားနှင့် အရင်းကို အခြေခံသော စျေးကွက်စနစ်ပေါ်ထွက်လာရန် ၁၃ ရာစုမှသည် ၁၉ ရာစုအထိ အရင်းအနှီး ကြီးမားသော တော်လှန်ရေးကို အုပ်ချုပ်သူလူတန်းစားတို့၏ အပြင်းအထန်ခုခံမှုများကြား နှစ်ပေါင်း များစွာ ဆင်နွှဲခဲ့ရသည်။ နောက်ဆုံးတွင်မူ အမျှော်အမြင်ရှိသော လူတန်းစား အသီးသီးမှာ စျေးကွက် အတွင်း စုစည်းမိသဖြင့် ခေတ်ဟောင်း၏ နည်းနာဟောင်းများ အပေါ် အောင်ပွဲဆင်နိုင်ခဲ့လေသည်။ ဘာသာ ရေးကို ဗဟိုပြုသော ကမ္ဘာဟောင်းမှာ တစ်စတစ်စ ပြိုကျတော့၏။ အလုပ်ရှင်အသင်းများမှ အပြင်းအထန် ကာကွယ် သည့်ကြားမှပင် သစ်သား ကြယ်သီးများ စျေးကွက်အတွင်း မှေးမှိန်လာပြီး ပိတ်သားကြယ်သီးများ ကို ခွင့်ပြု လိုက်ရလေသည်။ တစ်ချိန်က ဖျက်ဆီးရန် အမိန့်ပေးခံရသော ရက်ကန်းစက်သစ်များ၏ ထုတ်လုပ် နိုင်စွမ်းတန်ဖိုး

Copyright © 2025. Economic Education Program, Inya Economics.

ကို နားလည်လာသောအခါ တိုင်းတပါးသို့ နည်းပညာသစ်များ မရောက်သွားရန် ဘုရင့် အတိုင်ပင်ခံ ကောင်စီ ကိုယ်တိုင်က ရက်ကန်းစက်များ တင်ပို့ခြင်းကို တားမြစ်၏။ စက်မှုလုပ်ငန်းများ တွင်ကျယ် လာသည့်အလျောက် မြေရှင်ပဒေသရာဇ်တို့၏ ဩဇာဆုတ်ယုတ်လာပြီး မြေများမှာ စီးပွားရေးလုပ်ငန်းရှင် များ၏ လက်တွင်း ရောက်ရှိလာ၏။ အလားတူပင် အလုပ်ရှင် အသင်းများကို ဆန့်ကျင်သော သပိတ် တိုက်ပွဲများ၊ ဆန္ဒပြပွဲများ ဆင်နွှဲ၍ အလုပ်သင်စနစ်ကို တွန်းလှန်ကာ လုပ်အားခကို အခြေခံသည့် လုပ်အား ဈေးကွက်ကို ထူထောင်ခဲ့၏။ ကမ္ဘာဟောင်း လူ့အဖွဲ့အစည်းကို ဓလေ့ထုံးတမ်းများနှင့် မောင်းနှင်ရာမှ ကမ္ဘာသစ်ကို အတွင်းပေါက်ကွဲ အင်ဂျင်များနှင့် မောင်းနှင်တော့၏။ ရောင်းဝယ်ဖောက်ကားရာတွင်လည်း ပထမ ဦးစားပေးမှာ အမြတ်၊ ဒုတိယ ဦးစားပေးမှာလည်း အမြတ် ဖြစ်လာတော့၏။

မည်သည့် အကြောင်းအရာများက ကမ္ဘာဟောင်း၏ သဟဇာတဖြစ်နေသော မျှခြေကို တွန်းလှန်ဖြိုဖျက်လိုက် သနည်း။ အဖြစ်အပျက်တစ်ခု၊ ဥပဒေတစ်ရပ်၊ လူပုဂ္ဂိုလ်တစ်ယောက်ကြောင့် နေ့ချင်းညချင်း ပြောင်းလဲသွား သည်တော့ မဟုတ်ပေ။ ပိုးဖလံမှ အချိန်တန်သော လိပ်ပြာဖြစ်သကဲ့သို့ လူ့အဖွဲ့အစည်းသည်လည်း လိုအပ် သော ဖွံ့ဖြိုးတိုးတက်မှုများဖြင့် ပြည့်စုံလာသောအခါ သမိုင်းနောက်တစ်ဆင့်ကို တက်လှမ်းသွား၏။ အရေး ကြီးသော ဖွံ့ဖြိုးတိုးတက်မှုအချို့ကို လေ့လာကြစို့။

**ပထမမှာ နိုင်ငံရေး တိုးတက်မှု ဖြစ်၏။** ကမ္ဘာဟောင်း မြေရှင်ပဒေသရာဇ်စနစ်တွင် မြေရှင်များ၊ နယ်စား များမှာ မိမိ၏ ဒေသကို ကိုယ် ပိုင်စစ်တပ်နှင့် အုပ်ချုပ်မင်းမူသည်။ ဘုရင်နှင့် ကြည်ဖြူနေချိန်တွင် ဘုရင့်အား အခွန်ဘဏ္ဍာများဆက်သ၍ တိုင်းတပါးနှင့် စစ်ဖြစ်သော် မိမိဒေသတွင် လူသူစုရုံးကာ ဘုရင့်အပါးတွင် စစ်ထွက်ရ၏။ ဘုရင်နှင့် ကတောက်ကဆဖြစ်သော် အခွင့်ကြုံသည့်အတိုင်း ပုန်ကန်ထောင်လွှားခြင်း ပြုကြ၏။ အလယ်ခေတ်တွင် ဘုရင်၏ ဩဇာမှာ မြို့ပြ နိုင်ငံငယ်ကလေးများနှင့် မည်မျှ သဟဇာတဖြစ် အောင် နေနိုင် သည့်အပေါ်မူတည်၏။ ရီနေးဆန့်ကာလတွင် မင်းတိုင်ပင်နိုင်ငံရေးဂုရု အချို့က မြို့ပြများကို စုစည်း၍ တပြည်ထောင် ထူထောင်မှသာလျှင် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဟု ကျယ်ကျယ် ပြန့်ပြန့် အရေးဆို၏။ ထိုအချိန်မှစ၍ ဘုရင်တို့မှာ မိမိ၏ နိုင်ငံရေးအာဏာကို ခိုင်မြဲအောင် အုပ် ချုပ်ခံ လူထုအား တစ်သွေး၊ တစ်သံ အမျိုးသားရေးစိတ် ပေါ်ပေါက်အောင် နည်းမျိုးစုံသုံး လှုံ့ဆော်တော့၏။ တဖက်တွင်လည်း စစ်တပ်၊ အထူးသဖြင့် ရေတပ်အား အင်အားကြီးသထက်ကြီးအောင် တည်ဆောက်၏။ စစ် တပ်ကို အထောက်အကူပြုသော စက်မှုလုပ်ငန်းများမှာ ဘုရင်၏ မျက်နှာသာပေးခြင်းကို ခံရကာ အခွင့်ထူး များရ၏။ နိုင်ငံရေးအာဏာကို ချုပ်တည်းထားသော ခေတ်ဟောင်းကို ဘာသာရေး၊ ယဉ်ကျေးမှု ဓလေ့များကို ဘုရင်တို့ ကိုယ်တိုင် စိန်ခေါ်လာ၏။ တနယ် တမျိုး ဗရမ်းဗတာ ဖြစ်နေသော စည်းမျဉ်းများ၊ အချိန်အတွယ် စနစ်များကို စုစည်း၍ အများ နားလည်လွယ်သော ဥပဒေ၊ စည်းမျဉ်းများအဖြစ် ပြောင်းလဲလိုက်၏။ ရောင်း ကုန်အချင်းချင်း ဖလှယ်ရာမှ ငွေဒင်္ဂါးများကို ကြားခံပစ္စည်းဖြစ်သုံးရန် ဒင်္ဂါးစက်ရုံများကို စတင် တည်ဆောက်၏။

Copyright © 2025. Economic Education Program, Inya Economics.

အမျိုးသားရေးဝါဒကို ပုံဖော်ရာတွင် ဘုရင်တို့ အသုံးပြုသော နောက်တစ်နည်းမှာ ပင်လယ်ရေကြောင်း စွန့်စားသွားလာမှုကို အားပေးခြင်းဖြစ်သည်။ စီးပွားရေး ရင်းမြစ် အသစ်၊ ဈေးကွက် အသစ်များအတွက် နယ်သစ် များကို စူးစမ်းရှာဖွေမည်၊ အခွင့်အရေးပေးလျှင် နယ်ချဲ့ သိမ်းပိုက်မည်၊ ဤနည်းဖြင့် မိခင်နိုင်ငံနှင့် ဘုရင်၏ ဩဇာ တိက္ကမကို ကြီးမားစေမည်။ ကမ္ဘာပေါင်းတွင် စွန့်စားသွားလာသူများမှာ ကိုယ်တိုင် အိတ်စိုက်၍ စွန့်စား လိုစိတ်သက်သက်ဖြင့် သက်စွန့်ဆံဖျား သွားလာကြသူများဖြစ်သည်။ (ဥပမာ- ၁၃ ရာစုတွင် ခန်ကေရာဇ် အုပ်ချုပ်နေသော တရုတ်ပြည်သို့ ရောက်လာသော မာကိုပိုလို တို့ ပိုလိုညီနောင်) ၁၅ ရာစုတွင် ကိုလံဘတ် အမေရိကားတိုက်ကို ရှာဖွေတွေ့ရှိရာမှ အရာအားလုံး ပြောင်းလဲသွားလေသည်။ အိန္ဒိယတိုက်သို့ သွားသည့် ရေကြောင်းလမ်းအသစ်ကို ရှာဖွေလိုသော ကိုလမ်ဘက်စ်မှာ ပေါ်တူဂီဘုရင်ကို ခရီးစရိတ်တောင်းခံရာ ဘုရင် က စိတ်မဝင်စား၍ ပြင်ဖက် စပိန်တို့ထံ သွားရောက် အကူညီတောင်း၏။ စပိန်ဘုရင်မ အစ်စဘယ်လာက လိုအပ် သော လူသူငွေကြေးများကို ထောက်ပံ့လိုက်ရာ များမကြာခင် ကိုလံဘတ် တစ်ယောက် ပင်လယ် ခရီးကို စတင်၏။ ကိုလံဘတ် ရောက်သွားသည်မှာ အိန္ဒိယတိုက်တော့ မဟုတ်၊ လက်ညှိုးထိုးမလွဲ ရွှေများ ဝတ်ဆင် ထားကြသည့် လူမျိုးနွယ်များရှိရာ မြောက်အမေရိတိုက်ဖြစ်၏။ "ရွှေဟာ အရာအားလုံးရဲ့ သခင်ပဲ၊ ရွှေရှိရင် နိဗ္ဗာန်အထိ တက်နိုင်တယ်" ဟု ကိုလံဘတ် က မှတ်ချက်ပြု၏။ ကိုလံဘတ် တစ်ယောက် အမေရိကတိုက်တွင် ရွှေအများအပြားရနိုင်သည့်နည်းလမ်းကို တွေ့ထားပြီ ဟူသော သတင်း ဥရောပတွင် ပြန့်သွားသောအခါ အခြား အင်္ဂလိပ်၊ ပေါ်တူဂီနှင့် စပိန်ကုန်သည်များမှာ တိုက်သစ်ကြီးထံ ရွက်ကုန်လွှင့်တော့၏။ ဆိုင်ရာ ဘုရင်တို့ကလည်း လိုသည်ထက်ပိုသော လူသူ သင်္ဘောတို့ကို ထောက်ပံ့ကုန်၏။ လောဘ နည်းသော ကမ္ဘာပေါင်းမှသည် ရွှေ အတွက် သမုဒ္ဒရာအလယ်တွင် ဥရောပသားအချင်းချင်း သတ်ဖြတ်ကြသော ပင်လယ်ဓားပြများ ကြီးစိုးသော ခေတ်ပျက်ကြီး ဖြစ်လာ၏။ အင်္ဂလိပ် နာမည်ကြီး ပင်လယ်ဓားပြ ဒရိတ်မှာ ပင်လယ်တွင် တိုက်ရည်ခိုက်ရည်




ဆာဖရန်စစ်ဒရိတ် (Painting – Jodocus Hondius)



ပထမအဲလိဇဘက်ဘုရင်မ (Painting – George Gower)

Copyright © 2025. Economic Education Program, Inya Economics.

ကောင်းလှရာ အစိုးရမင်းက ဆာဘွဲ့အပ်နှင်းပြီး သူကောင်းပြုသဖြင့် ရေတပ်ဗိုလ်ချုပ် ဆာဖရန်စစ်ဒရိတ် (Sir Francis Drake) ဖြစ်လာ၏။ ဆာဒရိတ်၏ ရေတပ်သည်း ကာရေဗီယံ ပင်လယ် အတွင်း သွားလာနေသော စပိန်နှင့် ပေါ်တူဂီ သင်္ဘောများကို တိုက်ခိုက်သိမ်းပိုက်ကာ အကြွေးထောင်းနေသော အဲလိဇဘက်ဘုရင်မ၏ ဘဏ္ဍာတိုက် အတွက် ရွှေများကို စုဆောင်းပေးခဲ့၏။ အစိုးရမင်းမှာ အကြွေးကျေရုံမက တိုင်းတပါးတွင် ငွေအများ အပြားရင်းနှီးမြှုပ်နှံနိုင်၏။ ထိုမှရသော အမြတ်များကို ပေါင်းသော် နောင် အခါ ဗြိတိသျှ နေမဝင်အင်ပါယာ၏ ရွှေခေတ်ဖြစ်သော ၁၉၃၀ ဝန်းကျင်ကာလများ၏ တစ်နှစ်စာ ဝင်ငွေ နှင့် ညီမျှ၏။



ကိုလံဘတ် အမေရိကတိုက်သို့ ပထမဦးဆုံးအကြိမ် ရောက်လာပုံ

(Painting – *Landing in America* by John Vanderlyn)

**ဒုတိယ အပြောင်းအလဲမှာ ဘာသာရေးအပေါ်ထားရှိသည့် လူတို့၏ အမြင်ဖြစ်သည်**။ ဘုရင် အပါအဝင် လူထု လူတန်းစားမှာ ကျောင်းတော်၏ ခေတ်နောက်ပြန် ဆွဲနေသည့် ထိန်းချုပ်ကန့်သတ်မှုများကို စိတ်ကုန်လာ၏။ ရိုမန် ကက်သလစ်ကျောင်းတော်၏ လောင်းရိပ်မှ ထွက်ရန် ကြိုးပမ်းရာမှ ပရိုတက်စတင့် လှုပ်ရှားမှုကြီး ပေါ်ပေါက် လာ၍ အင်္ဂလန်တွင် ကိုယ်ပိုင်ကျောင်းတော်အသစ် ထွက်ပေါ်လာ၏။ အတွေးအခေါ်အပိုင်းအရလဲ အီတာလျံ ရီနေးဆန့်အတွင်း ဘာသာရေးကျမ်းဂန်များထက် ကိုယ်တိုင် လေ့လာတွေးခေါ်ခြင်းကို တွန်းအားပေးသော

Copyright © 2025. Economic Education Program, Inya Economics.

လူသားဝါဒ လှုပ်ရှားမှုပေါ်ပေါက်ခဲ့၏။ လူတို့ကိုယ်တိုင် မမြင်ရသေးသော တမလွန်ထက် လက်ရှိဘဝတွင် ထိတွေ့ခံစားရသော အရာများကို ဦးစားပေးလာ၏။ ဓနရှာဖွေစုဆောင်းခြင်းကို အကုသိုလ်အလုပ်ဟု တားမြစ်ပိတ်ပင်သော ဗာတီကန် ကျောင်းတော်ထက် လုပ်အားနှင့် ဓနကို အမြင်သစ်နှင့် ခွင့်ပြုသော ပရိုတက်စတင့်လှုပ်ရှားမှုမှာ ကုန်သည်များ၊ အာဏာပိုင်များမှအစ လူမွဲများအထိ ရောက်ရှိလာ၏။ ဘုရားပေးသော အင်အား နှင့် ပါရမီကို အလုပ်တွင် အသုံးချခြင်းသည် ဘုရားသခင်၏ ကျေးဇူးတော်ကို အောက်မေ့သတိရခြင်း တစ်နည်းဖြစ်သည် ဟူသော ဒေသနာမှာ ခေတ်စားလာသည်။ ပျူရီတန် ဘာသာရေးခေါင်းဆောင်များ ကိုယ်တိုင်ခေတ်ပြောင်းလာသည်ကို သတိထားမိသည့်အလျောက် ဓနရှင်တို့အား ရှုံ့ချရန် လက်ရှောင်လာ၏။ ထိုအခါ အရင်းကို လိုသလို အသုံးချရန် အဟန့်အတား နည်းလာ၍ ဈေးကွက်မှာ သန်စွမ်းလာလေသည်။

**တတိယ အပြောင်းအလဲမှာ ရုပ်ဝတ္ထု နည်းနာ နှင့် အသိပညာပိုင်းဆိုင်ရာတိုးတက်မှု ဖြစ်သည်။** အပေါ်ယံကြည့်လျှင် အလယ်ခေတ် နှစ်ငါးရာမှာ နည်းပညာတိုးတက်မှု ခေါင်းပါးသော ခေတ်ပျက်ကြီးဟု ထင်စရာ ရှိ၏။ သို့သော် ထိုနှစ်ငါးရာ အတွင်းတွင် ဥရောပ၌ မြို့ကြီးပြကြီး တစ်ထောင်ကျော်ပေါ်ပေါက်ခဲ့၏။ မြို့ကြီး များအချင်းချင်း ခရီး ကြမ်းမည့်တိုင် သုံး၍ရသော လမ်းများဖြင့် ဆက်သွယ်ထား၏။ မြို့ပြလူထုအတွက် ဆန်ရေစပါးကို ဝန်းကျင် ကျေးလက်ဒေသမှ တင်သွင်းနိုင်၏။ ကုန်စည်ချင်း ဖလှယ်ရာမှ ငွေကြေးကို ဗဟိုပြုရောင်းဝယ် ဖောက်ကား ကြကုန်၏။ ငွေကြေးမှာ တနေ့ထက်တနေ့ အရေးပါလာသည့် အလျောက် ငွေကြေးကို ကောင်းစွာ နားလည် အသုံးချနိုင်သော ကုန်သည်လူတန်းစားမှာ အင်အားကြီးလာ၍ ကမ္ဘာ ဟောင်း၏ စည်းစိမ်တွင် ယစ်မူးနေသော မြေရှင်၊ မင်းဆွေမင်းမျိုးများ၏ နိုင်ငံရေးသြဇာမှာ တဖြေးဖြေး ဆုတ်ယုတ်လာ၏။ ဈေးကွက်စနစ်ဖွံ့ဖြိုးရန် စာရင်းအင်းပညာသစ်များကလဲ တဖက်တလမ်းမှ အားပေးကူညီ ခဲ့၏။ ၁၂ ရာစုတွင် ဥရောပကုန်သည်တဦး၏ အတွက်အချက် စွမ်းရည်မှာ ယနေ့ခေတ် မူလတန်း ကျောင်းသား အဆင့်လောက်သာ မရှိရာမှ နှစ်ငါးရာ အတွင်း သင်္ချာပညာဖွံ့ဖြိုးလာ၏။ ၁၇ ရာစုသို့ ရောက်သော် ငွေကြေးပမာဏ အမြောက်အများကို စီမံခန့်ခွဲနိုင်သော စာရင်းအင်းပညာပေါ်ပေါက်လာပြီး ငွေအဝင်အထွက်ဖြင့် နှင့် စာရင်းမှတ်ခြင်း (Double Entry Accounting) မှာ ဥရောပကုန်သည်များ အကြား စံဖြစ်လာ၏။ စာရင်း အင်းပညာ ထွန်းကားလာသော် စီးပွားရေးလုပ်ငန်းကြီးများကို အလေအလွင့် အနည်းဆုံးဖြင့် ကျွမ်းကျင်စွာ လည်ပတ်လာနိုင်၍ ဈေးကွက်မှာ ပိုမိုစည်ပင်လာ၏။

အကြီးမားဆုံး တိုးတက်မှုမှာ စမ်းသပ်မှုကို အခြေခံသော သိပ္ပံပညာ ထွန်းကားလာခြင်းဖြစ်သည်။ အဒမ်စမစ်ကာလ စက်မှုတော်လှန်ရေးကြီး အရှိန်အဟုန်ပြင်းပြင်းနှင့် ပေါ်ပေါက်လာနိုင်သည်မှာ အလယ်ခေတ် နှစ်ငါးရာအတွင်း အခြေခံ တီထွင်မှုများ ဖြစ်သည့် စက္ကူ၊ ပုံနှိပ်စက်၊ လေရဟတ်၊ နာရီ၊ မြေပုံ စသည်တို့ ရှိနှင့်ပြီးသား

ကြောင့် ဖြစ်၏။ တစ်ချိန်က သံသယမျက်လုံးများနှင့် သိပ္ပံပညာကို ဘုရားမဲ့ဝါဒဟု ယူဆခဲ့ရာမှ ပထမဦးဆုံး အနေနှင့် တန်ဖိုးထားကောင်းရမှန်း သိလာ၏။

ဆိုခဲ့သော ပြောင်းလဲမှုများမှာ နှစ်ပေါင်းများစွာ တိုက်ခိုက်ယူခဲ့ရခြင်းဖြစ်သည်။ ကမ္ဘာဟောင်း၏ ချုပ်တည်းမှုများကို ကျော်လွန်၍ ဖွံ့ဖြိုးမှုအားကောင်းသော စီးပွားရေးစနစ် ပေါ်ပေါက်လာရခြင်းမှာ အမျှော်အမြင်ရှိသော လူတန်းစားအသီးသီး၏ စုပေါင်း အားထုတ်မှုကြောင့်ဖြစ်သည်။ ကမ္ဘာဟောင်း၏ စီးပွားရေးယူနစ်များမှာ ဇွဲကောင်းကောင်းဖြင့် ဆက်လက် ခုခံသော်လည်း ၁၇၉၀ သို့ရောက်သောအခါ ပြင်သစ်တွင် အလုပ်ရှင်အသင်းများအားလုံးကို ဖျက်သိမ်း၍ မြေရှင်စနစ်ကို ဖျက်သိမ်းလိုက်၏။ အင်္ဂလန်တွင်မူ ၁၈၁၃ ရောက်မှသာ လက်မှုပညာသည်များ ဥပဒေ (Statute of Artificers) ကိုပြဌာန်း၍ ကျွမ်းကျင်လုပ်သားများအပေါ် အလုပ်ရှင်အသင်းများ လက်ဝါးကြီးအုပ်ထားမှုကို အဆုံးသတ်လိုက်သည်။ အဒမ်စမစ် မမွေးခင် နှစ်ဆယ့်သုံးနှစ်၊ ၁၇၀၀ ပြည့်နှစ်သို့ရောက်သောအခါ တစ်ချိန်က သူဌေးသူကြွယ်များ အမြတ်ကြီးစားလျှင် ဘာသာရေးရှုထောင့်အရ ဝိုင်းကျဉ်လေ့ရှိသော၊ ဖခင်မှာ ကျွန်ဖြစ်လျှင် မိမိပါ ကျွန်လိုက်ဖြစ်သော ကမ္ဘာဟောင်းမှာ လုံးလုံး ပြိုလဲသွားတော့၏။ "လူတိုင်း၊ လူတိုင်းမှာ တပ်မက်မှုကတော့ အနည်းအများရှိမှာပဲ" ၊ "ပစ္စည်းဥစ္စာကို ကန့်သတ်တဲ့ ဥပဒေတွေဟာ တရားမဝင်ဘူး" ၊ " အမြတ်အစွန်းဟာ ခေတ်သစ် စီးပွားရေးစနစ်ရဲ့ ဇဟိုချက်မပဲ" စသော အယူအဆအသစ်များကို အကြွင်းမဲ့လက်ခံလာကြ၏။ သမိုင်းတွင် ပထမဦးဆုံးအကြိမ် အဖြစ် မိမိကိုယ်ပိုင် ဉာဏ်နှင့် ဘယ်ကုန်ကို ဘယ်နေရာမှာ ဘယ်လို ရောင်းလျှင် ဘယ်လောက် မြတ်နိုင်သည်၊ ဘယ်လောက် ရှုံးနိုင်သည်ကို တွက်ချက်နိုင်သော စီးပွားရေး လူသား (Economic Man) မွေးဖွားလာတော့၏။

အဆိုပါ ဉာဏ်ပြေးသော စီးပွားရေး လူသားမှာ လက်ငင်း အကျိုးစီးပွားကိုသာမက အနာဂတ်တွင် ရနိုင်ချေရှိသည်များကိုပါ တွက်ချက်လာ၏။ ၁၇၁၈ တွင် ဂျွန်လော ဟု အမည်ရသော စကော့ လူမျိုးတယောက်က ပါရီအခြေစိုက် မစ္စစ္စပီကုမ္ပဏီ ကိုထူထောင်၏။ အမေရိကရှိ ပြင်သစ်ကိုလိုနီများတွင် ရွှေတူးဖော်မည်၊ အမြတ်အများအပြား ရမည်ဟုဆိုကာ ရှယ်ယာများ ထည့်ဝင်ရန် ဆော်သြ၏။ အဆွယ်ကောင်းမှုကြောင့် လူအများ အပြားတိုးကျိတ်၍ ရှယ်ယာဝင်ကြ၏၊ အမြတ်များစွာဖြင့် ရှယ်ယာများ ပြန်ရောင်းကြ၏၊ ပထမဦးဆုံး ရှယ်ယာကို ဝယ်ယူထားသော ဟိုတယ်အလုပ်သမားတစ်ယောက်မှာ ရှယ်ယာကို ပြန်ရောင်းရာ ပြင်သစ်ငွေ သုံးသန်းကျော်အမြတ်ရ၏။ အရောင်းအဝယ် မတည့်သည်များ များလာရာ ရုံးရောက်ဂတ်ရောက်မှသည် လူသတ်မှုများအထိဖြစ်လာ၏။ တကယ်တမ်း မစ္စစ္စပီ ကုမ္ပဏီ အမေရိကန် ကိုလိုနီနယ်များတွင် ရွှေတူးဖော် သောအခါ ရွှေကြောတစ်ကြောမှ မတွေ့ပဲ အကြီးအကျယ် အရှုံးပေါ်တော့၏။ သန်းပေါင်းများစွာ တန်တော့မည် ဟု ယူဆထားသော ရှယ်ယာလက်မှတ်များမှာ ရုတ်တရက် တန်ဖိုးမဲ့သွားတော့၏။ ငွေပေါင်းများစွာ ဆုံးရှုံး လိုက်ရသော လူအုပ်ကြီးမှာ မစ္စစ္စပီရုံးအား မီးရှို့မည်၊ ဝန်ထမ်းများအား သတ်မည် ဖြတ်မည် ပြုသဖြင့် မြို့ အာဏာပိုင်များ အလုပ်ရှုပ်ရတော့သည်။ စီးပွားရေး လူသားတို့၏ လောဘမှာ တရားရစရာပင် ကောင်းသေးတော့သည်။

Copyright © 2025. Economic Education Program, Inya Economics.

နောက်ဆုံးတွင် ရှင်သန်ရေး ပြဿနာကို ဓလေ့ထုံးတမ်းများ၊ မင်းအာဏာစက်များဖြင့် ဖြေရှင်းခဲ့ရာမှ အမြတ်ရှာဖွေသူတို့ လွတ်လွတ်လပ်လပ်ရှင်သန် လှုပ်ရှားကြသော ဈေးကွက်စနစ်ဖြင့် ဖြေရှင်းသည့် ခေတ်ပေါ်ပေါက်လာ၏။ ဤဈေးကွက်စနစ်ကိုပင် အရင်းရှင်ဝါဒဟု သမိုင်းပညာရှင်များက ခေါင်းစဉ်တပ်ကြ၏။ အမြတ် အတွက် အလုပ်လုပ်ခြင်းမှာ လူသားသဘာဝပင်ဖြစ်ရာ ဤဝါဒမှာ လူသားတို့အတွက် အသင့်တော်ဆုံး ဟူ၍ ဖြစ်လာ၏။


လူတို့မှာ အသိဉာဏ်ရှိသော သတ္တဝါဖြစ်သည့်အလျောက် မိမိတစ်ဦးတည်းအတွက်သာမက မိမိ၏ ပတ်ဝန်း ကျင် လူ့အဖွဲ့အစည်း တိုးတက်ပြောင်းလဲရန် အစင်တစိုက် ကြိုးပမ်းခဲ့ကြ၏။ သမိုင်းခေတ်အဆက်ဆက် တွင် တွေးခေါ်ပညာရှင်များ၊ ခေတ်စမ်း ဒဿနဗေဒ ဂုရုများ၊ ပြုပြင်ပြောင်းလဲရေးသမားများ ပေါ်ထွန်းခဲ့၏။ သို့သော် ထိုပညာရှင်များမှာ ဘာသာရေး၊ နိုင်ငံရေးပြဿနာများကို မီးမောင်းထိုးပြောဆိုသလောက် လူအများ စု၏ ဆင်းရဲ ချမ်းသာ ကွာဟမှု ပြဿနာကို လစ်လျူရှုခဲ့၏။ အရစ္စတိုတဲလ်က လူများမှာ မွေးသည့်အချိန် စ၍ မည်သူက အုပ်ချုပ်မည့်လူ၊ မည်သူက အုပ်ချုပ်ခံရမည့်လူ ဟု ခွဲခြားထားပြီးသားဖြစ်သည် ဟုဆိုခဲ့၏။ အလယ်ခေတ် တစ်လျှောက်လုံးတွင်လည်း ဤအမြင်ဖြင့်ပင် ဘုရင်နှင့် ကျောင်းတော်တို့၏ အာဏာစက်ကို ခေတ်ပညာတတ် များက မေးခွန်းမထုတ်ခဲ့ပေ။ ပင်ပန်းကြီးစွာ ဝမ်းစာရှာရသော ဆင်းရဲသား လယ်သမားများ ၏ နိမ့်ပါးသည့် ဘဝများကိုလည်း ပြဋ္ဌာန်းပြီးထားဟု ယူဆကာ ဂရုဏာသက်ခြင်း မရှိခဲ့ပေ။

ခရစ္စတိုဖာ ကိုလံဘတ်၊ ကောတက်စ်နှင့် ဖရန်စစ်ဒရိတ်တို့၏ "ရွှေ" ကို အသည်းအသန် ရှာဖွေစုဆောင်း သော ခေတ်ရောက်မှသာ သာမန် ဆင်းရဲသားများလည်း စွန့်စားလျှင် ပြဋ္ဌာန်းပြီးသား ဝဋ္ဋဒုက္ခဆင်းရဲမှ လွတ်မြောက်၍ ချမ်းသာနိုင်သည်ဟူသော အတွေးအခေါ် အသစ် ပေါ်ပေါက်လာ၏။ ရွှေရှိမှ စီးပွားရေး တောင့်တင်းမည်၊ စီးပွားရေး တောင့်တင်းမှ နိုင်ငံတော် အင်အားကြီးမားမည်ဟူသော ကုန်သည်ဝါဒ ကြီးစိုး သည့်ခေတ်တွင် ရေတပ်ကြီးများ အပြိုင်အဆိုင်ထူထောင်၍ ရွှေရှာ နယ်ချဲ့တော့၏။ ၁၈ ရာစုသို့ ရောက်သော် ရွှေကို ဦးစားပေးရာမှ ရေရှည် စီးပွားရေး ဖွံ့ဖြိုးမှုကို အာမခံနိုင်သော စနစ်တစ်ရပ်ကို ဖန်တီးရန် ကြံဆ၏။


ထိုသို့ ကြံဆရာတွင် ဖြေရခက်သော မေးခွန်းမှာ မည်သူက မည်မျှ ချမ်းသာသင့်သနည်း ဟူသော မေးခွန်းဖြစ် သည်။ ဆင်းရဲသားများ ချမ်းသာကုန်လျှင် အောက်ခြေသိမ်းအလုပ်များ၊ စက်ရုံအလုပ်၊ လယ်အလုပ်များကို မည်သူတို့လုပ်ကိုင်မည်နည်း ဟူသော မေးခွန်းအတွက် ခေါင်းခြောက်ရတော့၏။ ကုန်သည်ဝါဒီများကတော့ ဆင်းရဲသားများကို ဆင်းရဲအောင် ဆက်ထားရမည်၊ ထို့ကြောင့် တစ်နေ့စာ ဝမ်းဖူလုံရုံမျှ လုပ်အားခ ကိုသာ ပေးရမည်ဟု ဆို၏။ နိုင်ငံ၏ချမ်းသာမှုမှာ ကုန်သွယ်ခြင်းမှ ရသော အမြတ်ဖြစ်သည်၊ ထို့ကြောင့် သွင်းကုန်ကို အနည်းဆုံး သွင်း၍ ပို့ကုန်ကို အများဆုံး ထုတ်ရမည်ဟု ဆို၏။ အခြားသော ဂိုဏ်းတို့ကမူ စီးပွားရေး တိုးတက် မှုမှာ မြေယာစိုက်ပျိုးမှုမှ လာသည်၊ ကုန်သည် လူတန်းစားများမှာ မြေကြီးမှ ရွှေသီးသော မြေယာလုပ်ငန်း အပေါ် ဂုတ်သွေးစုပ် အမြတ်ထုတ်နေသည်ဟု အပြစ်ဖို့၏။ အချို့သော ပုဂ္ဂိုလ်များမှာ နိုင်ငံချမ်းသာဖို့ ဆင်းရဲသားများ ဆင်းရဲနေရန် လိုအပ်သည်ဟု အခိုင်အမာ ဆို၏။ ၎င်းတို့၏ တစ်ခွန်းတစ်ပါဒ အဖြေများမှာ ရေရှည် စီးပွားရေး

Copyright © 2025. Economic Education Program, Inya Economics.

ဖွံ့ဖြိုးမှုအတွက် အဖြေကောင်းများတော့ မဟုတ်ခဲ့ချေ။ သို့သော် အသိအမှတ်ပြုရမည့် အချက်မှာ တိုင်းပြည် စီးပွားရေး စနစ်သစ်အတွက် ပညာသည်များ ဉာဏ်စွမ်းဉာဏ်စ ရှိသလောက် အားထုတ် ခဲ့ခြင်း ဖြစ်သည်။



အဒမ်စမစ် (၁၇၂၃ - ၁၇၉၀)




နိုင်ငံတို့၏ ဓန (ပထမအကြိမ်) အတွင်းမျက်နှာဖုံး

ဖြေရခက်သော စီးပွားရေး ပုစ္ဆာအတွက် ၁၇၇၆ တွင် စာအုပ်တစ်အုပ်က အဖြေပေးလိုက်၏။ တိုက်တိုက် ဆိုင်ဆိုင် ကမ္ဘာ တစ်ဖက်ခြမ်းတွင် ဒီမိုကရေစီနှင့် လွတ်လပ်မှုအတွက် အမေရိကန်တော်လှန်ရေး စတင် ဆင်နွှဲ သော ၁၇၇၆ တွင် ကျန်တစ်ဖက်၌ ကမ္ဘာသစ်အတွက် စီးပွားရေးပုံစံသစ်ကို စာအုပ်တစ်အုပ်တွင် ရှင်းရှင်း လင်းလင်း ဖော်ပြ၏။ ယင်း စာအုပ်ကို စကော့လူမျိုး ဘောဂဗေဒအတွေးအခေါ်ပညာရှင် အဒမ်စမစ်က ရေး၍ အမည်မှာ "နိုင်ငံတို့၏ ဓန၊ နိုင်ငံတို့၏ ချမ်းသာရခြင်း အကြောင်းတရားကို လေ့လာချက်" ဖြစ်၏။ အဒမ်စမစ် ၏ လမ်းညွှန်ချက်များကို ဥရောပသားများ နေ့ချင်းညချင်း အကောင်အထည်ဖော်ခဲ့သည်တော့ မဟုတ်ပေ။ စမစ် ကိုယ်တိုင်က အတွေးအခေါ် တော်လှန်ရေးတစ်ရပ် ပေါ်ပေါက်စေရန် ရည်ရွယ်ချက်ဖြင့် ရေးသား ခဲ့ခြင်းမဟုတ်၊ ဈေးကွက်စနစ် လည်ပတ်ပုံကို မိမိနားလည်သလို တင်ပြ၍ တိုးတက်အောင် မည်သို့ ပြုပြင် နိုင်ကြောင်း ရေးသားခဲ့ခြင်းဖြစ်၏။ မည်သို့ပင်ဆိုစေကာမူ "နိုင်ငံတို့၏ ဓန" စတင်ထုတ်ဝေသည့် အချိန်မှ စ၍ စီးပွားရေးအပေါ် လူတို့ ချဉ်းကပ်ပုံမှာ နောက်ပြန်မလှည့်စတမ်း ပြောင်းလဲသွား၏။ မိမိတို့ လုပ်ကိုင် နေသော အလုပ်တစ်ခုချင်း မှာ လူ့အဖွဲ့အစည်းတစ်ရပ်လုံး အတွက် မည်မျှအရေးပါသည်၊ အပြန်အလှန် အကျိုးပြုမှု ဖြင့် လူ့အဖွဲ့အစည်း မည်သို့ လည်ပတ်နေကြောင်းကို သိရှိလာတော့၏။ ထိုအခါ ဓနဉစ္စာ ကြွယ်ဝမှု ထံ လာရာလမ်းမှာ ရှင်းရှင်းလင်းလင်းကြီး ဖြောင့်ဖြူးသွားလေတော့သည်။

---

Robert L. Heilbroner ရေး *"The Worldly Philosophers : The lives, Times and Ideas of the Great Economic Thinkers"* မှအခန်း (၂) "The Economic Revolution" ၏ ဆီလျော်သလို ဘာသာပြန်ဆိုချက် ဖြစ်ပါသည်။

Copyright © 2025. Economic Education Program, Inya Economics.

**ဘောဂဗေဒစာပေ စာရေးဆရာ(လောင်း)အပေါင်းတို့ခင်ဗျာ**

တိုင်းပြည်တိုးတက်ရေးအတွက် ဘောဂဗေဒစာပေလိုအပ်တယ်ဆိုတာ ငြင်းမရပါဘူး။ ဘောဂဗေဒစာပေ အခိုင်အခံ့ ဖြစ်ပေါ်လာစေရေးအတွက် တစ်ဦးတည်း၊ တစ်ဖွဲ့တည်းကြိုးပမ်းလို့ ရတာ မဟုတ်လို့ ဘောဂဗေဒကို ချစ်မြတ်နိုးတဲ့ ဘောဂဗေဒစာပေ ရေးသားချင်သူများအနေနဲ့ စာမူများရေးသားပေးပို့နိုင်ပါတယ်ခင်ဗျာ။ မူရင်းစာရေးသူများရဲ့ အာဘော် မချွတ်ယွင်းစေဘဲ တည်းဖြတ်မှု အနည်းငယ် ရှိနိုင်ပြီး ဘောဂဗေဒပညာရေးနဲ့ ဘောဂဗေဒအတွေးအခေါ်ဝေဖန်ဆန်းစစ်ရေးကို အထောက်အကူပြုတဲ့ ဆောင်းပါး သို့မဟုတ် စာပေလက်ရာ တိုင်းကို ကျနော်တို့ ကြိုဆိုပါတယ်။

Thanhtunsoe.ie.mm@gmail.com ကို စာမူများ ရေးသားပေးပို့နိုင်ပါတယ်။

သန်းထွန်း

တာဝန်ခံ (ဘောဂဗေဒပညာရေးပရိုဂရမ်)

အင်းလျားဘောဂဗေဒအဖွဲ့

Copyright © 2025. Economic Education Program, Inya Economics.